

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# သုံးခွန်းဟောရင် မိုက်ရာရောက်လိမ့်မယ်

## အရိန္ဒမ မင်းသား

(၂၃၀)

ဟောကြားသည့်နေ့
၁၂-၃-၅၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# သုံးခွန်းဟောရင် မိုက်ရာရောက်လိမ့်မယ်

(အရှိန္ဒမ မင်းသား)

ဟောကြားသည့်နေ့ (၁၂-၃-၅၄)

ဒကာဒကာမတွေ အရေးကြီးတဲ့အချိန်မှာ အရေးကြီးတဲ့ အလုပ်ကို လုပ်ကြစို့ (မှန်လှပါဘုရား) ရာဓသုတ်ပဲ ဟောရမယ် (မှန်လှပါဘုရား)။

ရာဓဆိုတဲ့ ရဟန်းက ဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတုန်းကို မေးတော်မူတယ် (မှန်လှပါ) ဘုရားကိုဘယ်လို မေးလိုက်သလဲ ဆိုလို့ရှိရင် **မာရော - သေတတ်တယ်၊** သေတတ်တယ်ဆိုတာ

ဘုရား. . . တဲ့၊ ဘာကိုသေတတ်တယ်ဆိုတာတုံး (တင်ပါ့ဘုရား)။

## ရာဓရဟန်းကမေးတယ်

မာရော ဆိုတာ သေတတ်တယ်၊ ပါဠိလိုမေးတော့ မာရော - **မာရောတိ - ဘန္တေဝုစ္စတိ၊ ကိတ္တာဝတာနုခေါဘန္တေ မာရောတိ ဝုစ္စတိ** အရှင်ဘုရား သေတတ်တယ်၊ သေတတ်တယ်လို့ ပြောကြတယ်၊ အဲဒီသေတတ်တာသည်ကားလို့ဆိုရင်ဖြင့် အဘယ်ကဲ့သို့ အတိုင်းအရှည်အားဖြင့် ရှိတဲ့တရားကို သေတတ်တယ်လို့ ဆိုပါသလဲ ဘုရားလို့ ရာဓက မေးတယ် (တင်ပါ့ဘုရား)။

**မာရော - မာရောတိ ဘန္တေဝုစ္စတိ၊ ကိတ္တာဝတာနုခေါဘန္တေ မာရောတိဝုစ္စတိ၊** အရှင်ဘုရား အဘယ်ကဲ့သို့သော သေတတ်တဲ့တရားများကို မာရောလို့ဆိုပါသတုံး၊ ဆိုတော့ ဘုန်းကြီး ဒကာဒကာမတွေက သေမင်း သေမင်းဆိုတာ ဩော် အကောင်ကြီး အထည်ကြီး ထင်ပြီးသကာလ နေကြလိမ့်မယ် (မှန်လှပါဘုရား)။

အကောင်အထည်ကြီး ထင်ပြီးသကာလ နေကြလိမ့်မယ် အဲဒါကြောင့် ယနေ့ သေမင်းကို သေချာပြမယ် ဒကာ ဒကာမတို့ (မှန်လှပါဘုရား)၊ ခင်ဗျားတို့သည် သေမင်းကို ကြောက်-ကြောက်ပြီးသကာလ နေကြရတယ် (မှန်လှပါဘုရား)။

ဒီသေမင်းသည်ကားလို့ ဆိုရင်ဖြင့် ယနေ့ အကောင် အထည်ပေါ် အောင်ပြမယ်၊ ဘယ်သူပါလိမ့်မတုံးလို့ မေးတဲ့အခါ ကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက **ဝေဒနာယသတိ၊ မာရောဝါအသသ၊** ရာဓ - ရာဓရဟန်း၊ ဝေဒနာယ - ဝေဒနာသည်၊ သတိရှိသော်၊ မာရောသတ် တတ်သည်၊ ဝေဒနာရှိရင် သူ့သတ်မလို့ဟော့။

ဒကာဒကာမတို့ ဝေဒနာသည် သတ်တတ်တဲ့တရားတဲ့ (မှန်လှပါဘုရား)၊ သေမင်းတဲ့ (မှန်လှပါဘုရား)၊ ဝေဒနာသည် သတ်တတ်တဲ့ သေမင်းတဲ့ ဒကာဒကာမတို့ (မှန်လှပါဘုရား)။

## သေမင်းဆိုတာ ဘာပါလိမ့်မလဲ

ဒကာ ဒကာမတွေက သေမင်းဆိုတာ တို့သားသမီး မငဲ့မညှာဘဲနဲ့ ခေါ်ဆောင်သွားလိုက်ကြတာ စစ်တောင်တိုက် လိုက်ချင်သေးတယ် ဆိုပြီးသကာလ ပြောကြ၊ ဆိုကြ သေမင်း အပေါ် မကျေနပ်ပွဲ ခင်းကြ၊ စင်စစ်က သေမင်းဆိုတာ ဘာပါ လိမ့်မလဲလို့ မေးတော့ **ဝေဒနာယသတိ၊ မာရောဝါအသသ**လို့ ဘုရားက ဟောလိုက်တယ်။

**ဝေဒနာယ - ဝေဒနာသည်၊ သတိ - ရှိခဲ့သည်ရှိသော်၊ မာရော - သေတတ်သည်၊ အသသဘဝေယျ - ဖြစ်ချေ၏။** ဝေဒနာက္ခန္ဓာ ရှိနေရင် ခင်ဗျားကို့ ဒါ သတ်တဲ့ တရားပဲတဲ့ သေတတ်တဲ့ တရားရှိနေတယ်၊ (မှန်ပါဘုရား)။

ဆိုတော့ ဒကာဒကာမတွေ သူဘာလဲ သူသတ်ဆိုတာ သေမင်းဟာ သူသတ်လို့ ဆိုကြတယ် ဒါဖြင့် သေမင်း သူသတ်ကို ဒကာဒကာမတွေက အခုညာဏ်နဲ့ ပြုံးပြုံးပါအောင် ကြည့်လိုက်တဲ့ အခါကျတော့ ဩော် . . . တို့သန္တာန်ရှိတဲ့ ဝေဒနာက - သေတတ်တဲ့ သေမင်းကြီး . . . သေအောင်လုပ်တဲ့ သေမင်းကြီး ဆိုတာ ပေါ်လာကြပလား (ပေါ်လာပါပြီဘုရား)။

## သေ[illegible]တတ်တဲ့တရားသည် ဘာပါလိမ့်

ဩော် . . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သေတတ်တဲ့ သေတတ်တဲ့ တရားသည် ဘာပါလိမ့်မလဲလို့ မေးရင် ဝေဒနာဖြေကြရတော့မယ် (မှန်လှပါဘုရား)။

အားလုံးဒကာဒကာမတွေ သေတတ်တဲ့ တရားဟာ ဘာပါလိမ့် (ဝေဒနာပါဘုရား) အဲဒီဝေဒနာကလည်း ခင်ဗျားတို့ သန္တာန် သုခဝေဒနာကလည်း သေတတ်တဲ့တရား (မှန်လှပါဘုရား)။

ဒုက္ခဝေဒနာကလည်း သေတတ်တဲ့ တရား (မှန်လှပါဘုရား)၊ ဥပေက္ခာဝေဒနာကလည်း သေတတ်တဲ့တရား (မှန်လှပါ) အဲဒီ သေတတ်တဲ့တရား ရှိသ၍ သေတာ (မှန်လှပါဘုရား)။

သေမင်းက အထည်ဒြပ်မရှိပါဘူး (မှန်လှပါဘုရား)။ ကိုင်း ဒကာဒကာမတို့ သေမင်းတွေ့ပလား (တွေ့ပါပြီဘုရား) ဝေဒနာတဲ့ ဗျ (မှန်လှပါဘုရား)။

## ဝေဒနာသုံးမျိုးသည် သေတတ်တဲ့တရား

ဝေဒနာတဲ့ ဒကာဒကာမတို့ သုခဝေဒနာကလည်း သေတတ်တဲ့ တရားတဲ့ (မှန်လှပါဘုရား) ဒုက္ခဝေဒနာကော (သေတတ်တဲ့ တရားပါဘုရား) ဥပေက္ခာဝေဒနာကော (သေတတ်တဲ့တရားပါဘုရား)

ဩော် . . . ဒကာဒကာမတွေက သေမင်းကိုယ်ပေါ် ထမ်းပိုးပြီးသကာလ သွားနေကြတော့ ဒီဒကာဒကာမတွေ သေဦးမှာပါပဲ သေမင်းတွေက ပါနေတာကို (မှန်လှပါဘုရား)။

ဝေဒနာဆိုတဲ့ သေမင်းတွေက ပါနေတဲ့အတွက် ယခုဘဝလည်း ဝေဒနာပါ သေမှာပဲ (မှန်လှပါဘုရား) နတ်ပြည် ဆုတောင်းလည်း နတ်ဝေဒနာဆိုတဲ့ သုခဒုက္ခဝေဒနာတွေပါ သေဦးမှာပဲ (မှန်လှပါဘုရား)။

ဗြဟ္မာပြည်ဆုတောင်းလည်း ဝေဒနာတွေပါနေရင် ဗြဟ္မာဝေဒနာနဲ့ သေဦးမှာပဲ (မှန်လှပါဘုရား)၊ ဒါဖြင့် ဒကာဒကာမတို့ သုခဝေဒနာလည်း သေတတ်တဲ့တရား (မှန်ပါဘုရား)၊ ဒုက္ခဝေဒနာလည်း သေတတ်တဲ့တရား၊ ဥပေက္ခာဝေဒနာလည်း သေတတ်တဲ့ တရား (မှန်လှပါဘုရား)။

## ဝေဒနာကို ဝိပဿနာရှုပါ

အဲဒါကြောင့် ဘုန်းကြီးများက ဒကာဒကာမတို့ ခင်ဗျား တို့ကို ဟောနေတာသည် ဒီသေမင်းဆိုတဲ့တရား သည်ကား ဝေဒနာပဲ၊ ၎င်းဝေဒနာကို ဒကာဒကာမတွေက ဝိပဿနာဉာဏ်နဲ့ ဖွာဖွာကြဲအောင် ရှုပစ်လိုက်လို့ ဒုက္ခရောက် သွားတာမြင်လိုက် လို့ရှိရင်ဖြင့် ဒီဝေဒနာကြီးကို မဂ်ဉာဏ်နဲ့မြင်လိုက်လို့ရှိရင်ဖြင့် ဝေဒနာခံစားချင်တဲ့တဏှာက လာသေးရဲ့လား (မလာပါဘုရား)။

မလာလို့ရှိရင်ဖြင့် သေမင်းနဲ့ ကျုပ်တို့နဲ့ အဆက်ပြတ်ပြီး သကာလ ဝေဒနာက္ခန္ဓာ မပေါ်တော့ဘူး (တင်ပါဘုရား) ဝေဒနာက္ခန္ဓာ မပေါ်သောကြောင့် ဝေဒနာသတ်၍ မသေရတော့ ဘူး (မှန်လှပါဘုရား)၊ သေမင်းတွေ့ပြီလား (တွေ့ပါပြီဘုရား)။

သေမင်းဟာ ဘယ်သူပါလိမ့် (ဝေဒနာပါဘုရား)၊ အေး . . . အခုမှ လက်သည်ပေါ်လာတယ် (မှန်လှပါဘုရား)၊ အခုမှ လက်သည်ပေါ်လာတယ် အဖိုးတန်လိုက်တာ ဒကာဒကာမတွေ မသိခင်တုန်းကတော့ ဝေဒနာသည်ကားလို့ ဆိုရင်ဖြင့် တို့ချမ်း သာအောင် လုပ်နေတာ သုခဝေဒနာဟဲ့၊ ဆင်းရဲအောင်လုပ် နေတာ ဒုက္ခဝေဒနာဟဲ့၊ အလယ်အလတ်ဖြစ်အောင် လုပ်နေတာ ဥပေက္ခာဝေဒနာဟဲ့လို့ အောက်မေ့တယ်။

အခုတော့ ရာဓသံယုတ်မှာ၊ ရာဓက ဘုရားကို မေးလိုက်တော့ ဟော့ . . . ဝေဒနာဟာ သေတတ်တဲ့ တရားကွဲ၊

သူသေမင်းပဲလို့ ဟောတယ် (မှန်လှပါဘုရား) ရှင်းကြပလား ဒကာဒကာမတို့ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝေဒနာ လူချမ်းသာ၊ နတ်ချမ်းသာ ဆုတောင်းတဲ့ ပုဂ္ဂိုလ်တွေ သေမင်းနဲ့အတူနေရပါလို၏ တောင်းလိုက်တာပါပဲ (မှန်လှပါဘုရား) လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ တောင့်တတဲ့ ဒကာဒကာမတွေ ဘယ်သူနဲ့အတူ နေရပါလို၏ တောင်းတာတုံး (သေမင်းနဲ့အတူ နေရပါလို၏ တောင်းတာပါ ဘုရား)။

## သေချင်သေးလို့ဆုတောင်းတာ

သေချင်သေးလို့ ဆုတောင်းတာ- ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက **ဝေဒနာယသတိ၊ မာရောဝါအသ၊** **ဝေဒနာယ - ဝေဒနာ**သည် ဘယ်ဝေဒနာမဆို၊ သတိ-သတ္တဝါ တို့သန္တာန်၌ ကိန်းအောင်းခဲ့သည် ရှိသော်၊ မာရော-သေတတ် သည် (ဝါ) သေမင်းသည် (ဝါ) သေအောင် လုပ်မည့် တရားသည်၊ **အသဘာဝေယျ** - ဖြစ်ရ၏။

ဝေဒနာသာ ခင်ဗျားတို့အတွင်းမှာ ရှိနေမယ်ဆိုလို့ရှိရင် ဖြင့် သေမင်းရောက်နေပြီလို့သာ ဆုံးဖြတ်ချက်ချ၊ ဘယ်နေရာ ကားခနဲ့၊ စင်းခနဲ၊ ဟုတ်လား (မှန်ပါ) သေမလဲဆိုတာ ထင်ရှား တော့မှာပဲ (မှန်လှပါဘုရား)။

## သေမင်းသိတဲ့တရား

ဒါကြောင့် လူ့ပြည်မှာ ဒကာဒကာမတွေ မသေတဲ့ ပုဂ္ဂိုလ်ရယ်လို့ တွေ့လိုက်ကြသေးရဲ့လား (မတွေ့ပါဘူးဘုရား) ဝေဒနာက္ခန္ဓာတွေ ဝေဒနာသတ်လို့ သေသွားတာချည်ပဲ (တင်ပါဘုရား)၊ သူတို့သေမင်း သူတို့ဆုတောင်းယူလာတာဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

အေး . . . ဒါကြောင့် ယနေ့ တရားသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သေမင်းသိတဲ့ တရားဖြစ်လေသောကြောင့် ဒကာဒကာမတွေ သိပ်အဖိုးတန်တဲ့တရား (မှန်လှပါဘုရား)။

ဝေဒနာကို ဝိပဿနာ ရှုရင်ရှု၊ ဝေဒနာကို ရွံရင်ရွံ၊ ဝေဒနာကို ကင်းအောင်လုပ်ချင်ရင် ဝေဒနာပေါ်၌ လောဘနဲ့ ကင်းအောင်လုပ်နိုင်လုပ်၊ ဝေဒနာကို လွတ်အောင် လုပ်နိုင်လုပ်၊ ဝေဒနာငြိမ်းချမ်းရာဖြစ်တဲ့ နိဗ္ဗာန်ရောက်အောင် လုပ်နိုင်ရင်လုပ် (မှန်လှပါဘုရား)။

## ငှက်ပျောပင်ကို ငှက်ပျောသီးက သတ်တယ်

မလုပ်နိုင်လို့ရှိရင် ဘဝများစွာ သံသရာ ဝေဒနာက္ခန္ဓာကြီးက ကိန်းရာပုဂ္ဂိုလ် သတ်ပါလိမ့်မယ် (မှန်လှပါဘုရား)၊ ငှက်ပျောပင်သည်ကားလို့ဆိုရင် ငှက်ပျောသီးက သတ်သည် (မှန်လှပါဘုရား) ဝေဒနာသည် ဘုန်းကြီးတို့ ဒကာဒကာမတွေ

ဆုတောင်းလာတဲ့ ချမ်းသာလုံးလေးဝေဒနာကလည်း သတ်ဖို့ ပေါ်လာတာ (မှန်လှပါဘုရား)။

ဆင်းရဲလုံးလေးဝေဒနာကကော (သတ်ဖို့ပေါ်လာတာပါဘုရား) အေး . . . ချမ်းသာ၊ ဆင်းရဲကင်းတဲ့ ဝေဒနာလေးကကော (သတ်ဖို့ပေါ်လာတာပါဘုရား)။

အဲတော့ ဒကာဒကာမတွေက နတ်ချမ်းသာ၊ လူချမ်းသာ ဖြစ်ရပါလို၏ ဆိုတာသည် သေမင်းနဲ့အတူ နေရပါလို၏။ သူသတ်လို့ သေရပါလို၏ ဆိုတာ ဆုတောင်းထဲ ပါသွားတယ် (မှန်လှပါဘုရား)၊ ဆုတောင်းထဲ ပါသွားတယ် ဒကာဒကာမတို့ အဲဒါ ကြောင့် ကြပ်ကြပ်ဉာဏ်နဲ့ စဉ်းစားပြီးကြည့်မှ သြော် . . . ဝေဒနာကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ယခု ရာဓသုတ်မှာ သေချာဟောပြီ (မှန်လှပါဘုရား)။

**ဝေဒနာယသတိ၊ မာရောဝါအသ၊ ဒါတင်မကသေးဘူး မာရောတာဝါ** သတ်အပ်တဲ့ တရားလည်း ဖြစ်နေပြန်တယ်ကွတဲ့၊ သူကလည်း သတ်တတ်တယ်၊ သူ့ကိုလည်း မင်းတို့က ဉာဏ်နဲ့ လည်းသတ်ပေးမှ နေရာကြမှာတဲ့ (တင်ပါဘုရား)။

သူ့ကို မင်းတို့က ဉာဏ်နဲ့ မသတ်လိုက်ပြီဆိုမှဖြင့်လည်း သူကပြန်သတ်မယ် (တင်ပါဘုရား)၊ ဟုတ်ပြီလား (မှန်လှပါဘုရား) မြွေပွေးကိုင်မိသလို နေပြီ ဒကာဒကာမတို့ (တင်ပါဘုရား)။

မြွေပွေးကိုင်မိတာသည် လည်စည်းနားက ကိုင်ထားမှ (မှန်လှပါဘုရား) လည်စည်းနားက ကိုင်ထားတာ လွှတ်လိုက်ရင်လည်း ကိုယ့်ကိုက်လိုက်မှာပဲ (မှန်လှပါဘုရား)။

အဲဒီ့ကဲ့သို့ ဝေဒနာကြီး လက်ရှိနဲ့ ဒကာဒကာမတွေ ဝေဒနာကို ဝိပဿနာမရှုရင် ဝေဒနာကြောင့်ပဲ ဒကာဒကာမတွေ တဏှာဖြစ်ပြီးသကာလ သံသရာထဲမှာ တစ်ခါတည်း ဝေဒနာ သတ်လို့ အမျိုးမျိုးအဖုံဖုံ သေရလိမ့်ဦးမယ် (မှန်လှပါဘုရား)။

## သေမင်းမမြင်တဲ့နေရာ

ဒါဖြင့် သေမင်းဆို ဘာပါလိမ့်မလဲဆိုတာ ယနေ့ မှတ်မိပလား (မှတ်မိပါပြီဘုရား)၊ ဘာပါလိမ့်မတုံး (ဝေဒနာပါဘုရား)၊ ဒါဖြင့် ဒကာဒကာမတို့ ဒါဖြင့် ဒကာဒကာမတို့ သေမင်း မမြင်နိုင်တဲ့ နေရာ ပုန်းချင်လို့ရှိရင်ဖြင့် ဝေဒနာမရှိအောင် လုပ်မှရမယ် (မှန်လှပါဘုရား)။

သုခဝေဒနာလည်း မရှိစေနဲ့ (မှန်လှပါဘုရား)၊ ဒုက္ခ ဝေဒနာကော (မရှိရပါဘူးဘုရား)၊ ဥပေက္ခာဝေဒနာကော (မရှိ ရပါဘူးဘုရား)၊ မရှိစေနဲ့ ဝေဒနာကို ချုပ်ငြိမ်းရုပ်သိမ်းသွားမှ သေမင်းလက်တွင်းက လွတ်ကင်းမယ် (မှန်လှပါဘုရား)။

နို့မဟုတ်ရင် ဝေဒနာသည် မာရောဝါအဿလို့ ဘုရားက ရာဓသုတ်မှာ ဟောလိုက်သဖြင့် **မာရော** သတ်တတ် သည် **အဿစာဝေယျ** ဖြစ်ရ၏ (မှန်ပါဘုရား)။

သတ်တတ်တဲ့တရားဟော့ သတ်တတ်တဲ့တရားတဲ့ အဲဒါကြောင့် ဘုန်းကြီးများက ဒကာဒကာမတွေအား အရေးတကြီး ပြောဆိုဆုံးမနေတာသည် ဝေဒနာဝိပဿနာ ကြပ်ကြပ်ရှုပေး ပါနော် (မှန်ပါ)၊ မရှုရင် သတ်ပါလိမ့်မယ် ယခုဘဝလည်း သူသတ်လို့ သေလိမ့်မယ် (မှန်ပါဘုရား)။

နောက်ဘဝများစွာတွေမှာလည်း သူကလည်း ဝေဒနာကွန္တာကြီးဖြစ်နေတော့ ပါပါနေပြန်တယ်။ ပါပါနေပြန်ရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ရောက်ရာဘဝမှာ သူသတ်တာနဲ့ သေရဦးမယ် (မှန်လှပါဘုရား)။

ဘယ်ဆေး ဘယ်ဝါးမှ ကုလို့မရဘူး (မှန်လှပါဘုရား) ဘယ်ဆေးဘယ်ဝါးမှ ကုလို့မရဘူး ဝေဒနာသတ်တာနဲ့ သေမှာပဲ (မှန်လှပါဘုရား) အဲဒါကြောင့် ရာဇက မေးတာ ဦးလှဘူး မမေးသင့်ဘူးလား (မေးသင့်ပါတယ်ဘုရား)။

ဒကာဒကာမတို့ ရာဇက **မာရော၊ မာရော** - သူသတ် သူသတ်ဆိုတာ ဘာတုံးဘုရာ့ ဟ ဝေဒနာဟာ မာရောပေါ့ကွာ -တဲ့ "**ဝေဒနာယသတိ၊ မာရောဝါအဿ**" ကွတဲ့ ဝေဒနာရှိလို့ ရှိရင်ဖြင့် သတ်တတ်တဲ့ သဘောဟာ သူပဲ သတ်တတ်တာဟာ သူပဲတဲ့ သူက သတ်တယ်ကွတဲ့ (တင်ပ့ါ)။

## ဝေဒနာသတ်လို့သေတာ

ဒကာ ဒကာမတို့ ဝေဒနာက သတ်တတ်တဲ့ တရားဆို ပါလား (မှန်လှပါဘုရား) ကိုင်း ဒကာဒကာမတို့ ခင်ဗျား တို့အခု အိုက်တယ် ပူတယ်ဆိုရင် ဒုက္ခဝေဒနာက မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) အဲ သူက ခင်ဗျားတို့ကို သတ်နေပြီ၊ ညှင်းဆဲနေပြီ (မှန်လှပါဘုရား)။

အခုဟာ ဒုက္ခလေးက ယပ်ခတ်လို့ ပျောက်တဲ့ ဒုက္ခလေး ရှိသေးတယ် (မှန်လှပါ)၊ ဆေးနဲ့ဝါးနဲ့တားလို့တောင် မရတဲ့ ဒုက္ခ ဝေဒနာနဲ့ သေတာတွေချည်း သုသာန်ပို့လိုက်ရတဲ့ အသုဘ ပေါင်း ဘယ်လောက်ရှိပြီလဲ (မရေတွက်နိုင်ပါဘူးဘုရား) အဲဒါ ဝေဒနာသတ်လို့ သေတာ မဟုတ်ဘူးလား (မှန်လှပါဘုရား)။

အဲဒါ အခုနေ ယပ်ခတ်ပြီး တောင်းပန်လို့ ရသေးတယ် (မှန်လှပါ) ယပ်ခတ်ပြီးတောင်းပန်ထားတော့ အသေတော့ မသတ်သေးဘူး ဟုတ်လား။ အသေသတ်မည့် ဝေဒနာလည်း လာဦးမယ်မဟုတ်လား၊ (လာမှာပါဘုရား)။

အသေသတ်မည့် ဝေဒနာကလည်း လာဦးမှာ အခု ဝေဒနာလေးတော့ မောင်မင်းကြီး သိပ်မအိုက်ပါနဲ့၊ အိုက်တာနဲ့ ဖြင့် ကျုပ်တို့ကို မသတ်လိုက်ပါနဲ့၊ ပူတာနဲ့ မသတ်လိုက်ပါနဲ့ ဆင်းရဲမှုတွေနဲ့ မသတ်လိုက်ပါနဲ့ ယပ်ခတ်ပေးပါ့မယ်၊ ယပ် ကလေးနဲ့ တောင်းပန်ပါ့မယ်၊ ရှိရှိသေသေကို ခတ်ပေးပါ့မယ်၊

လေညှင်းလိုရင် လေညှင်းလေးရအောင် လေပြင်းလိုရင် လေပြင်းလေးရအောင် ကျုပ်ခတ်ပေးပါ့မယ်ဆိုပြီး တောင်းပန်ထားလို့မသေတာ (မှန်လှပါဘုရား)။

နို့မဟုတ်ရင် သွားပြီ ဒီကျောင်းပေါ်မှာ တစ်ပြုံကြီးပဲ (မှန်လှပါ) အဲဒါက ဒုက္ခဝေဒနာက အသေသတ်မယ်ဆိုလည်း သတ်နိုင်တယ် (မှန်လှပါဘုရား)။

အခုလည်း ခင်ဗျားတို့က ဒုက္ခဝေဒနာလေသတ်မှာ စိုးလို့ လေပြင်းလေးနဲ့ လေညှင်းလေးနဲ့ တောင်းပန်ထားလို့ မသတ်သေးတာနော် (မှန်လှပါဘုရား) မသတ်သေးတာ၊ မသတ်သေးတာ။

အဲတော့ တောင်းပန်လို့ရတယ် ဆိုတာမျိုးသည် တစ်ခါ နှစ်ခါ၊ သုံးခါသာ တောင်းပန်ရမယ် (မှန်လှပါဘုရား) တောင်းပန်လို့မရတဲ့အခါ လာလိမ့်ဦးမယ်ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဝေဒနာယသတိ မာရောအဿ၊ ရာဓ-ရာဓရဟာန်း၊ ဝေဒနာယ၊ ဝေဒနာသည်၊ သတိ-ရှိခဲ့သည် ရှိသော်ကွာ၊ မာရော သတ်တတ်သည်၊ အဿဘဝေယျ - ဖြစ်ရာ၏။

ဝေဒနာသာရှိရင်တော့ သတ်တော့မှာပဲဟော့ တောင်းပန်လို့ရတဲ့ အချိန်မှာ တစ်မျိုး၊ တောင်းပန်လို့ မရတဲ့အချိန်က တစ်မျိုး၊ သို့သော် နောက်ဆုံးပိတ် တောင်းပန်လို့ ရတယ်လို့တော့ တစ်ခုမှ

မရှိဘူးကွ သူသတ်မှာပဲတဲ့ စိတ်ချစရာအကွက် ပါရဲ့လား (မပါ ပါဘူးဘုရား)။

## ယနေ့ဉာဏ်ပြောင်းပစ်လိုက်ဖို့ကောင်းပြီ

ဘုန်းကြီးတို့ ဒကာဒကာမတို့ ဝေဒနာနဲ့ အတူတူ နေရတော့ အင်း သူသတ်လို့ဖြင့် သေမှာပဲ၊ သူ့ကိုပင်လျှင် တို့က သတ်ပြီးသကာလ နိဗ္ဗာန်အရပ်သို့ သွားရမှပဲ နေရာကျမှာပဲ ဆိုတာ ယနေ့ဉာဏ်ပြောင်းပစ်လိုက်ဖို့ကောင်းတယ်၊ ဉာဏ် ပြောင်းပစ်လိုက်ဖို့ ကောင်းတယ် ဒကာဒကာမတို့ (မှန်လှပါ ဘုရား)။

အရေးကြီးလို့ ပြောနေတယ် ခင်ဗျားတို့က ဝေဒနာကို ကျေးဇူးရှင်ကြီး မှတ်မနေနဲ့ (မှန်လှပါဘုရား)၊ သေသေချာချာ ဘုရားဟောပြီ (မှန်လှပါဘုရား)။

## ဝေဒနာကို မြန်မြန်သတ်ပစ်ပါ

ဒါပဲလားလို့ဆိုတော့ မကသေးဘူးဟေ့ မင်းတို့ ဝေဒနာ ကို မင်းတို့ မြန်မြန်သတ်ပစ်လိုက်ပါတဲ့၊ မာရေတာဝါတဲ့၊ သတ်အပ်သည်ဖြစ်သည်လည်း၊ အဿဘဝေယျ -ဖြစ်ရ၏။ သူ့ကိုလည်း မင်းတို့က သတ်ပစ်လိုက်ဦးကွတဲ့၊ ဝိပဿနာဉာဏ် နဲ့ သတ်ပစ်လိုက် ဟုတ်လား (မှန်လှပါ)။

## ဖြစ်ပျက်ရှုပစ်လိုက်ပါ

ဖြစ်ပြီးရင် ပျက်သွားတဲ့ဒုက္ခသစ္စာလို့ ရှုပစ်လိုက်ပါ။ (မှန်လှပါဘုရား)၊ ရှုပစ်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဒီဝေဒနာ ရှုံမုန်းငြီးငွေ့တဲ့ဉာဏ်၊ ဝေဒနာ၌ ခင်တွယ်မှု စွန့်တဲ့ဉာဏ်၊ ဝေဒနာကို လွတ်မြောက်ချင်တဲ့ဉာဏ်၊ ဝေဒနာငြိမ်းတဲ့ဉာဏ်၊ ဟုတ်လား (မှန်လှပါဘုရား)။

အဲဒီ့ကဲ့သို့ရမယ်ဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတို့ သူ့ကို စွန့်အပ်တဲ့တရား၊ သတ်အပ်တဲ့တရားဖြစ်သောကြောင့် သူ့ကို သတ်ပစ်လိုက်မယ်ဆိုလို့ရှိရင်လည်း ကျုပ်တို့က သတ်ပစ်လိုက်ရင် သူက သတ်နိုင်သေးရဲ့လား (မသတ်နိုင်ပါဘူးဘုရား)။

အဲဒါကြောင့် ဘုန်းကြီးလုပ်ပေးနေတာက ဝေဒနာကို ဉာဏ်က သတ်နေတယ် (မှန်လှပါဘုရား)၊ ခင်ဗျားတို့က ဝေဒနာ အလုပ်ကို မလုပ်ဘဲနဲ့ ဝေဒနာခိုင်းသလို လိုက်နာနေကြမယ်ဆို ဝေဒနာက သတ်လိမ့်မယ် (သတ်မှာပါဘုရား)။

ဘုန်းကြီးပြောတဲ့အတိုင်း လိုက်နာ ကျင့်ကြံပြီး ဝေဒနာ ဝိပဿနာ ရှုနေလို့ရှိရင် ဝေဒနာကို ကျုပ်တို့က သတ်သောကြောင့် ဝေဒနာက ကျုပ်တို့ကို ပြန်မသတ်နိုင်တော့ဘူး၊ (မှန်လှပါဘုရား)။ နှစ်ချက်ဟောတယ်၊ နှစ်ချက်ဟောတယ် ဒကာဒကာမတို့ (မှန်လှပါဘုရား)။

## ကိုယ်ကမသတ်ရင် သူကသတ်လိမ့်မယ်

နှစ်ချက်ဟောနေတယ်၊ နှစ်ချက်ဟောနေတယ်၊ ကိုင်းဒါဖြင့် **မာရေတာဝ - သတ်အပ်သည်လည်း၊ အဿဘဝေယျ-ဖြစ်ရ၏။** မင်းတို့ ဝေဒနာကို သတ်ပစ်ကြနော်တဲ့ ခုနကပြောတဲ့အတိုင်း၊ သူကသတ်လိမ့်မယ် (မှန်လှပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ယနေ့ ခွဲခြမ်းပြီးမေးရပြီ၊ ဝေဒနာက သတ်တာကို ဒကာဒကာမတွေ အသတ်ခံမလား၊ ဝေဒနာကို ကိုယ်က သတ်မလားဆိုတဲ့ မေးခွန်းထွက်လာတယ် (ဝေဒနာတပည့်တော်တို့က သတ်ပါ့မယ်ဘုရား)။

## ဝေဒနာကို သတ်နိုင်မှ နိဗ္ဗာန်ရောက်မယ်

ဝေဒနာခင်ဗျားတို့က သတ်ပါမှ ဝေဒနာတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်မယ် မဟုတ်ဘူးလား (မှန်လှပါဘုရား) ဝေဒနာက မသတ်နိုင်တော့ဘူး (မှန်လှပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးက ဒကာဒကာမတွေကို အားပေးတာက ဝေဒနာကို ဒကာဒကာမတွေက ဉာဏ်နဲ့ သတ်ပစ်လိုက်ပါ၊ (မှန်လှပါဘုရား)၊ ဝေဒနာသတ်လို့ချည်း ခင်ဗျားတို့က အဖန်ဖန်မသေချင်ပါနဲ့ (မှန်လှပါဘုရား)။

အဲဒါကြောင့် **မာရော၊ မာရော**ဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ဝေဒနာကွ၊ သတ်တတ်တယ်တဲ့ (မှန်လှပါဘုရား) အဲဒီ

သတ်တတ်တဲ့တရားကို မင်းတို့က သတ်အပ်တဲ့ သဘောနဲ့ ကြော် - သတ်ပစ်မှ ကောင်းမည်ဆိုပြီး မင်းတို့က သတ်လိုက်ရင်လည်း တော်ပါရဲ့ကွတဲ့ (မှန်လှပါဘုရား)။

## ဝိပဿနာရှုရင်သက်သာမယ်

မင်းတို့က မသတ်နိုင်ဘူးဆိုရင် သူက သတ်မှာပဲတဲ့ (မှန်လှပါဘုရား)၊ ကိုင်း - ဒကာဒကာမတို့ မြွေပွေးဆုပ်မိလျက် ကြံပြီ (မှန်လှပါဘုရား)၊ မြွေပွေးဆုပ်မိလျက် ကြံပြီ၊ ဒါဖြင့် ဝေဒနာ ဝိပဿနာရှုရင်ရှု (မှန်လှပါဘုရား)၊ ရှုရင် ခင်ဗျားတို့က သတ်တယ် (မှန်လှပါဘုရား)။

မရှုလိုက်လို့ရှိရင် ဝေဒနာက သတ်မယ် (မှန်လှပါဘုရား)။ ကိုင်း - ဒကာဒကာမတို့ ဝေဒနာက ခင်ဗျားတို့ သတ်လိမ့်ဦးမယ် (မှန်လှပါဘုရား)။

ဒါကြောင့် ဝေဒနာသည် မာရောလို့ ဟောလိုက်သည် **ယောဝါပန မိယတိလို့ ဟောလိုက်တယ်၊ ယေဝါပန - အကြင်ပုဂ္ဂိုလ်သည်ကား၊ မိယတိ - သေတတ်၏၊** ဒကာဒကာမတို့ ခင်ဗျားတို့ ခန္ဓာကိုယ်ဟာ သေတတ်တဲ့ ခန္ဓာကိုယ်တဲ့၊ ဘာ့ကြောင့်တုံး ဝေဒနာလက်ခံမိလို့၊ (မှန်လှပါဘုရား)။

## ဝေဒနာလက်ခံမိရင် ဘာဖြစ်မယ်

ဝေဒနာလက်ခံမိရင် ခင်ဗျားတို့ ခန္ဓာကြီး ဘာဖြစ်မယ် (သေတတ်ပါတယ်ဘုရား)၊ အေး သေတတ်တဲ့ ခန္ဓာကြီး ဖြစ်လာတာပေါ့ (မှန်လှပါ)၊ အဲဒါ ခင်ဗျားတို့ကိုက လူချမ်းသာတောင်းမိတဲ့အတွက် ချမ်းသာပါလားလို့ ဆိုရင်ဖြင့် ငါတည်းဟူသော သုခဝေဒနာ သူသတ်ယောက်ျားထည့်ဆုတောင်းပြီး ငါလိုက်မယ်ဆိုပြီး လိုက်သတ်တာပဲ (မှန်လှပါဘုရား)၊ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ လူချမ်းသာဆိုပြီး ဆုတောင်းလိုက်လို့ တစ်ခါတည်း ဝေဒနာကြီးက ပါမလာဘူးလား (ပါလာပါတယ်ဘုရား)၊ အဲဒီ ပါလာတဲ့ ဝေဒနာက ခင်ဗျားတို့ကို သတ်မလို့ လိုက်လာတာဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အေး ဒါကြောင့် ဒကာဒကာမတွေ ဝိပဿနာဉာဏ်၊ သစ္စဉာဏ်၊ ကိစ္စဉာဏ်တွေ မရသေးသ၍ ကာလပတ်လုံး သူသတ် ယောက်ျားတောင် ဆုတောင်းပြီး ယူကြဦးမှာကိုး (မှန်လှပါဘုရား)။

## ဒုက္ခသစ္စာမြင်မှ ဆုတောင်းမှန်မယ်

အဲဒါကြောင့် ဒုက္ခသစ္စာမမြင်သရွေ့ ဘယ်အခါကာလမှ ဆုတောင်းမမှန်သေး၊ ဒုက္ခသစ္စာမြင်လာလို့ရှိရင်ဖြင့်

(ဆုတောင်းမှန်လာမှာပါဘုရား)၊ အဲတော့အခု လူချမ်းသာ ဖြစ်ရပါလို၏ ဆိုတာ ဒုက္ခသစ္စာမြင်လို့လား၊ မမြင်လို့အား (မမြင်လို့ပါဘုရား)။

ဘာမြင်မလဲဗျ၊ သတ်တဲ့ဝေဒနာကြီးပါရပါလို၏ (မှန်လှပါဘုရား)၊ ဝေဒနာက္ခန္ဓာသတ်လို့ သေရပါလို၏ (မှန်လှပါ ဘုရား)၊ လူချမ်းသာဆိုတာသည် ဝေဒနာပဲ မဟုတ်လား (မှန်လှပါဘုရား)။

အဲဒီ ဝေဒနာကို ဝေဒနာကို ဆုတောင်းနေလိုက်တော့ ဝေဒနာကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက **ဝေဒနာယ သတိ၊ မာရောဝါအသ၊ မာရေတာဝါ၊ ယောဝါပန မိယတိ၊ ဟုတ်လား၊ ယောဝါပန မိယတိ** လို့ ဟောထားပြန်တော့ မင်းတို့ ကလည်း သူသတ်ယောက်ျားကြီးနဲ့ အတူတူနေရပါလို၏လို့ မင်းတို့က တောင်းလိုက်တော့ မင်းတို့ သေတာ ဘုရားတောင် မတတ်နိုင်အောင် ဖြစ်နေတယ် (မှန်လှပါဘုရား)။

## ကိုယ့်ဆုတောင်းနဲ့ကိုယ်သေနေတာ

ကိုယ့်ဆုတောင်းနဲ့ ကိုယ်သေတာကိုဗျ၊ ကိုယ့်ဆု တောင်းနဲ့ ကိုယ်သေတာ ဒကာဒကာမတို့ ဒကာဒကာမတို့ ဘယ်သူတားလို့ ရဦးမှာတုံး (မရပါဘူးဘုရား)၊ ဆုတောင်းပြည့် သည့်တိုင်အောင်တော့ သတ်မှာပဲ (မှန်လှပါဘုရား)၊ မဆိုထိုက် ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)။

ကိုင်း ယနေ့တရားမှာ ဒကာဒကာမတို့ ဝေဒနာကို အလုပ်လုပ်ရင် လုပ်ကြနော် (မှန်လှပါဘုရား)၊ အလုပ်မလုပ်ကြလို့ ရှိရင် ဘာလုပ်မလဲ (သတ်မှာပါဘုရား)၊ အို . . . ကြောက်စရာ ကောင်းလိုက်တာ (ကောင်းပါတယ်ဘုရား)။

အင်မတန် ကြောက်စရာကောင်းနေပြီ ယနေ့ရာခသုတ်ကို ဟောတယ်၊ ရာခသုတ်ကို ဟောတယ် ဒကာဒကာမတို့ ဝေဒနာ ဝိပဿနာ ရှုရင်၊ ရှုလိုက်ပါ။ ရှုရင် ခင်ဗျားတို့က ဝေဒနာကို သတ်တယ် (မှန်လှပါဘုရား)။

ခင်ဗျားတို့က မရှုဘဲထားနေရင်၊ ဝေဒနာသဘော အတိုင်း လိုက်နာနေကြမယ်ဆိုရင်ဖြင့် ဝေဒနာက သတ်တော့ မယ်ဆိုတာ သေချာပါပဲ။

သတ်ပုံလေးနည်းနည်း ရှင်းပြပါရစေဦး၊ (မှန်လှပါ ဘုရား)။ သုခဝေဒနာကလည်း သတ်တာပဲ (မှန်လှပါဘုရား)၊ သုခဝေဒနာ က ဒကာဒကာမတို့ စဉ်းစားကြည့်စမ်းပါ။

## သုခဝေဒနာက သတ်တယ်

အစားများလို့ သေတယ်ဆိုတာ စားချင်တုန်းက စားတုန်းက စားချင်တာက သုခဝေဒနာ မဟုတ်ဘူးလား၊ ဟော- အစားများလို့ သေတော့ သုခဝေဒနာသတ်ပြီ (မှန်လှပါဘုရား)၊ အနေများလို့သေပြီတဲ့ ဒီအရပ်နေရတာ နေလို့ကောင်းတယ်

ထင်လို့ ငှက်သင့်ပြီး သေပြီဒကာဒကာမတို့ သုခဝေဒနာ သတ်တာမှ ဟုတ်ရဲ့လား (ဟုတ်ပါတယ်ဘုရား)။

အဲတော့ ခင်ဗျားတို့က သုခဝေဒနာ အစားမှားလို့ သေလည်း သုခဝေဒနာ သတ်တာ၊ အစားက နောက်မှ မှားမှန်း သိတာကိုဗျ (မှန်လှပါဘုရား)၊ စားကောင်းမယ်ဆိုပြီး စားလိုက်တာ စားကောင်းတာက ဘာဝေဒနာတုံး (သုခဝေဒနာပါဘုရား)။

မတည့်တော့ သေရောဗျာ မတည့်တော့ သေတော့ ဒါဘယ်သူသတ်တာတုံး (သုခဝေဒနာသတ်တာပါဘုရား)၊ အမလေး ဒကာဒကာမတို့ ခင်ဗျားတို့ သုခဝေဒနာကြီး ဆုတောင်းလာလိုက်တာ သတ်ဖို့၊ သတ်ဖို့ရာကြီးကို လက်နက်ပါယူပြီး သကာလ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး ဖြစ်ရပါလို၏ သေတတ်တဲ့ လက်နက်နဲ့ အသေခံရမည့် ခန္ဓာကိုယ်ကြီး တွဲယှက်စပ်ပြီး သကာလ ဖြစ်ရပါလို၏လို့ တောင်းလိုက်တဲ့ ဆုကြီးဟာ အစားမှားလို့ သေတော့ လှလှကြီး ပြည့်တာပေါ့ဗျာ (တင်ပါ)။

အနေမှားလို့ သေပြန်တော့ကော (ပြည့်ပါတယ်ဘုရား)၊ ကဲ သတ္တဝါတွေ အနေမှားလို့သေ၊ အစားမှားလို့သေပဲ ဒီပြင့် ဘာရှိသေးတုန်း (ဘာမှ မရှိပါဘူးဘုရား)၊ ဆေးမှားလို့သေ၊ ဆေးမှားဆိုတာလည်း အစားမှားတာပါပဲ (မှန်လှပါဘုရား)။

အဲဒီတော့ ဘုန်းကြီး ဒကာဒကာမတွေမှာ ယနေ့ ပြောချင်တဲ့ သဘောက ဩော် . . . ဒကာဒကာမတွေ ခင်ဗျား

တို့ သည်ကားလို့ဆိုလို့ရှိရင် သုခဝေဒနာသည် သူ့သတ်ယောက်ျားဆိုတာ ပေါ်လာကြပလား (ပေါ်လာပါပြီဘုရား)။

အေး . . ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက . . . **ဝေဒနာယသတိ မာရေဝါ အသ**၊ **ဝေဒနာယ** - ဝေဒနာသည်၊ **သတိ** - မင်းတို့ သန္တာန်၌ ဖြစ်ပေါ်သည်ရှိသော်၊ **မာရော** - သတ်တတ်သည်၊ **အသဘဝေယျ** - ဖြစ်ရာ၏။

မင်းတို့သန္တာန် ဝေဒနာပေါ်ရင်ဖြင့် မင်းတို့ သတ်တော့မှာပဲ ဟောတဲ့၊ ဒကာဒကာမတို့ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။ ဒီတရားမျိုးသည်ကားလို့ဆိုရင် နာရခဲတယ်နော်၊ အင်မတန်နာရခဲပါတယ်။

## သုခဝေဒနာက ယဉ်ယဉ်နဲ့သတ်တာ

ဝေဒနာဟာ ခင်ဗျားတို့ အကြိုက်ဓာတ်ကြီး၊ အကြိုက်ဓာတ်ကြီး၊ သူ့သတ်လို့ သေတယ်ဆိုတာ တယ်ပြီး သကာလ မယုံနိုင်ဘူး (မှန်လှပါဘုရား)၊ မယုံနိုင်ဘူး၊ မယုံနိုင်ဘူး၊ သုခဝေဒနာက ယဉ်ယဉ်နဲ့ မျှားသတ်တာ (မှန်လှပါဘုရား)၊ ယဉ်ယဉ်နဲ့မျှားပြီး သကာလ သတ်ပါတယ်။

အနေမှားလို့သေတယ် အစားမှားလို့ သေတယ်၊ ဒကာဒကာမတို့ တခြားဘာရှိသေးတုံး (ဘာမှ မရှိပါဘူးဘုရား)။ ကျုပ်ဟာ အစားမှားလိုက်တာ ပြင်မရဘူး သေတာပဲ (မှန်လှပါ

ဘုရား)၊ အနေမှားလိုက်တာ ပြင်မရဘူး သေတာပဲ (မှန်လှပါဘုရား)။

ထိုင်လို့ ကောင်းတယ်ဆိုပြီး ထိုင်နေတာနဲ့ ထိုင်လို့ကောင်းတဲ့ သုခဝေဒနာသတ်တာနဲ့ ဒူလာ ပါဒရက် မီးယပ်ကျိုးအစရှိသည် ဖြစ်ပြီးသေကြဗျာ (မှန်လှပါဘုရား)၊ ဘယ်သူသတ်တာတုံး (သုခဝေဒနာသတ်တာပါဘုရား)။

## နွားနို့နဲ့သံပုရာ

အေး သုခဝေဒနာသတ်တာ၊ သုခဝေဒနာသတ်တာ စဉ်းစားကြည့်ပါလား တချို့သတိမရဘူးတဲ့ နွားနို့သောက်ပြီးသည့် အခြားမဲ့၌ သံပုရာသီး စားချင် စားလိုက်တယ်၊ နွားနို့သောက်ချင်တာလည်း သုခဝေဒနာ (မှန်လှပါဘုရား)။

သံပုရာသီး စားချင်တာကကော (သုခဝေဒနာပါဘုရား)၊ အဲ သူတို့နှစ်ခု တစ်ခါတည်း သတ်လိုက်တာနဲ့ အူတွေဘာတွေထဲမှာ နွားနို့တွေခဲလို့ အတောင့်ကြီးဖြစ်ပြီး အသက်ရှူပေါက်ပိတ်ပြီး မသေလား (သေပါတယ်ဘုရား) အဲဒါ ဘယ်သူ့ သတ်တာပါလိမ့် (သုခဝေဒနာသတ်တာပါဘုရား)။

အေး . . . နောက်ဆုံးပိတ် ဒါက ရှေ့တင်သေရတာ၊ ကျုပ်တို့ ဒကာဒကာမတွေမှာ သုခဝေဒနာ သတ်တာချည်းပဲ ဆိုတာကော ငြင်းစရာ လိုသေးလား (မလိုပါဘူးဘုရား)၊ အစား

မှားလို့ သော၊ အနေမှားလို့သော၊ ဟုတ်လား ဆေးမှားလို့သော ဆိုတဲ့ဥစ္စာ ကောင်းလိမ့်မယ် အထင်ရှိလို့ လုပ်တာချည်းပဲ (မှန်လှပါဘုရား)။

ဒါကြောင့် သေတာတွေကော တစ်ပုံကြီးပဲ ဆိုရင်ကော လွဲသလား (မလွဲပါဘုရား)၊ အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သုခဝေဒနာလည်း သူ့သတ်ယောက်ျားပဲဟော့ (မှန်လှပါဘုရား)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒကာဒကာမတို့ ခင်ဗျားတို့ အခု ဘယ်သူနဲ့ အတူနေရတုံး (သူ့သတ်ယောက်ျားနဲ့ပါဘုရား)၊ ဒကာဒကာမတို့ နေကောင်း ကြတယ်မဟုတ်လား (နေကောင်းပါတယ်ဘုရား)၊ နေကောင်းတာ ဘာဝေဒနာတုံး (သုခဝေဒနာပါဘုရား)။

အဲဒါ သူ့သတ်ယောက်ျားပဲ (မှန်လှပါဘုရား)၊ သတ်ပါလိမ့်မယ်၊ သတ်ပါလိမ့်မယ် စိတ်သာချပါ (မှန်လှပါဘုရား)၊ သူနဲ့ပဲ သေရမှာပါပဲ (မှန်လှပါဘုရား)၊ တခြားနည်းရှာမနေပါနဲ့ သုခဝေဒနာ သတ်တာနဲ့ပဲ သေမှာပါပဲ (မှန်လှပါဘုရား)။

## သုခဝေဒနာက မျှားခေါ်တယ်

ကိုင်း . . . ဒါဖြင့် သုခဝေဒနာက ဒကာဒကာမတို့ သုခဝေဒနာက မျှားခေါ်တာ (မှန်လှပါဘုရား)၊ ဒုက္ခဝေဒနာဆီ ရောက်အောင် မျှားခေါ်တာ (မှန်လှပါဘုရား)။

သုခဝေဒနာက မျှားသမား (မှန်လှပါဘုရား)၊ ဒုက္ခဝေဒနာက သတ်သမား၊ ဥပေက္ခာဝေဒနာက လမ်းမှာဘာမှ ပြန်လမ်းမသိအောင် မျက်လုံးပိတ်ပေးသမား (မှန်လှပါဘုရား)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ဥပေက္ခာဝေဒနာက မျက်လုံးပိတ်တယ်

ကဲ ဒါဖြင့် ဒကာဒကာမတို့ သုခဝေဒနာက ဆွဲခေါ်လိုက်တယ်၊ ဥပေက္ခာဝေဒနာက မျက်လုံးပိတ်လိုက်တယ် ပြန်လမ်းမသိအောင် (မှန်လှပါဘုရား)၊ ဒုက္ခဝေဒနာက ရောက်တဲ့နေရာကျတော့ သူက တိုက်ရိုက်သတ်လိုက်တယ် (မှန်လှပါဘုရား)။

## ဒုက္ခဝေဒနာကသတ်တယ်

ဒါဖြင့် သုခဝေဒနာက လိမ်လည်ကောက်ကျစ်ဆွဲခေါ်သမား (မှန်လှပါဘုရား)၊ ဥပေက္ခာဝေဒနာက ပြန်လမ်းမသိအောင် မျက်လုံးကို ပိတ်ပေးသမား (မှန်လှပါဘုရား)၊ ဒုက္ခဝေဒနာက တိုက်ရိုက်သတ်သမား (မှန်လှပါဘုရား)။

ဒကာဒကာမတို့ ဒီဟာသုံးခု ဘယ်ဟာ ကျေးဇူးရှင်ပါသေးတုံး (မပါ ပါဘူးဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။ ဘယ်ဟာမှ ကျေးဇူးရှင်မပါပါဘူး၊ သူသတ်ယောက်ျား အဖေါ် သုံးယောက်ပါပဲ (မှန်လှပါဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘယ်ဝေဒနာရယ်လို့ မဟောတော့ဘူးဟေ့. . . တဲ့၊ **ဝေဒနာယ သတိ မာရောဝါအသ** ပဲတဲ့၊ **ဝေဒနာယ** - ဝေဒနာသည် ဝေဒနာ သုံးမျိုးသည်၊ **သတိ**-ရှိခဲ့သည်ရှိသော်။ **မာရော** - သတ်တတ် သော သေမင်းသည်၊ **အဿဘဝေယျ** - ကောန်ဖြစ်တယ်ကွာ (မှန်လှပါ)။

## ဝကွက်အပ်တယ်

ကြည့်စမ်း ဒကာဒကာမတို့ ဝေဒနာသုံးမျိုးသာရှိရင် သူသတ်ယောက်ျားသည်၊ သူသတ်ယောက်ျားလက်သို့ ခင်ဗျားတို့ 'ဝ' ကွက်အပ်ပြီးသားဆိုတာသာ သေသေချာချာ မှတ်လိုက်ပါတော့ (မှန်လှပါဘုရား)။

ကိုင်း ဒကာဒကာမတို့ ဝေဒနာမရှုချင်သေးဘူးလားဗျာ၊ (ရှုချင်ပါတယ်ဘုရား)။ ရှုကြပါတော့ မရှုရင်တော့ဖြင့် ဖြစ်ကို မဖြစ်ပါဘူး (မှန်လှပါဘုရား)။

ဖြစ်ကိုမဖြစ်ပါဘူး ဒကာဒကာမတို့ သုခဝေဒနာကလည်း ယဉ်ယဉ်နဲ့ဆွဲမှာ (မှန်လှပါဘုရား)၊ ဥပေက္ခာဝေဒနာက ပြန်လမ်း မသိအောင် မျက်လုံးပိတ်ပေးသမား၊ ဒုက္ခဝေဒနာက သတ် သမား (မှန်လှပါဘုရား)။

## ခန္ဓာကဝေဒနာသုံးမျိုးပဲရှိတယ်

ကိုင်း အဲဒါ ရှင်းပြရဦးမယ် ဒကာဒကာမတို့ ခင်ဗျားတို့ ခန္ဓာကလည်း ဝေဒနာသုံးမျိုးပဲရှိတယ် (မှန်လှပါဘုရား)၊ ဝေဒနာ သုံးမျိုးပဲ ရှိတယ်တဲ့ သုခဝေဒနာက စားလို့ကောင်းရင်၊ စားလို့ ကောင်းမှာပဲ ထင်ပါရဲ့လေ ဆိုပြီးသကာလ စားလိုက်ကရော ဒကာဒကာမတို့ ဒါ သုခဝေဒနာက ချော့ပြီးကျွေးလိုက်တာပဲ (မှန်လှပါဘုရား)။

သုခဝေဒနာက စားကောင်းထင်ပါရဲ့၊ ကောင်းတယ် ထင်ပါရဲ့၊ ဆိုတာက သုခဝေဒနာ မနေဘူးလား (နေပါတယ် ဘုရား)၊ ကောင်းတယ်ထင်ပါရဲ့ဆိုပြီး သကာလ သုခဝေဒနာက ကျွေးလိုက်ကရော အဲဒီတင် ဥပေက္ခာဝေဒနာက ကိစ္စရှိတယ် မထင်ပါဘူးလေ၊ ဥပေက္ခာဝေဒနာက မျက်လုံးပိတ်ပေးလိုက် တယ် ဘာဆေးမှ ဖြေဆေးတွေ မသောက်နဲ့ ကိစ္စမရှိဘူးဒါ ဟုတ်လား (မှန်လှပါဘုရား)။

ဟော တနေ့ကျတော့ ဒုက္ခဝေဒနာတည်းဟူသော တရားက ပေါ်ဖောက်ပြီးသကာလ ဟုတ်လား လေနာ ရင်နာထ သေလိုက်တယ်၊ သုံးယောက်ပေါင်းတော့ ဘယ်နဲ့နေတုံး (သေပါတယ်)၊ သုံးယောက်ပေါင်းတော့ သေရောပေါ့ ဒကာ ဒကာမတို့ မသေသေးဘူးလား (သေပါတယ်ဘုရား)။

သုခဝေဒနာက စားကောင်းထင်ပါရဲ့ ဆိုပြီးသကာလ စားကောင်းလို့ စားလိုက်တယ် ဥပေက္ခာဝေဒနာကလည်း ကိစ္စမရှိတန်ပါဘူးလေ ဒီလောက်တော့ (မှန်လှပါဘုရား)၊ ညကျတော့ ဒုက္ခဝေဒနာကနေပြီး လေနာရင်နာထ,ပြီး သေအောင်မလုပ်လိုက်ဘူးလား (လုပ်ပါတယ်ဘုရား)။

## လူသတ်ယောက်ျားတွေ

ဒါဖြင့် သုခဝေဒနာကလည်း သေမင်းတစ်မျိုး (မှန်လှပါဘုရား) ဥပေက္ခာဝေဒနာကလည်း ကိစ္စမရှိဘူးဆိုပြီး သကာလ သေအောင် တွန်းတဲ့ သေမင်းတစ်မျိုး၊ ဒုက္ခဝေဒနာက ဒုက္ခရောက်ပြီး သေကြရတဲ့ ပုဂ္ဂိုလ်ဖြစ်လေသောကြောင့် သူသတ်ယောက်ျား အစစ်တစ်မျိုး (မှန်လှပါဘုရား)။

သို့သော် ဒကာဒကာမတို့ သုခဝေဒနာကလည်း ဒုက္ခဝေဒနာဆီ ရောက်အောင် ပို့တာပဲ၊ (မှန်လှပါဘုရား)၊ ဥပေက္ခာဝေဒနာကကော (ဒုက္ခဝေဒနာဆီ အရောက်ပို့ပါတယ်)၊ အဲ-ဒုက္ခဝေဒနာ လက်တွင်း ခေါင်းစင်းပြီးသကာလ ဒုက္ခရောက်ပြီး သေကြရတာပဲ (မှန်လှပါဘုရား)။

## ကျေးဇူးရှင်ဘယ်သူပါသတုံး

အဲဒီတော့ကို သတ်တဲ့ပုဂ္ဂိုလ်ရော ဆွဲခေါ်တဲ့ ပုဂ္ဂိုလ်ရော-

မျက်လုံးပိတ်ထားတဲ့ ပုဂ္ဂိုလ်ရော- ဘယ်သူ ကျေးဇူးရှင်ပါသေးတုံး (မပါပါဘူးဘုရား)။

အဲဒါကြောင့် ဝေဒနာသုံးပါး၏ အပြစ်ကို ယနေ့ ပေါ်လွင်အောင် ပြောနေပြီ (မှန်လှပါဘုရား)၊ ဒါကြောင့် ဝေဒနာ သုံးမျိုးလုံး ရှုပါ၊ ရှုပါ ဝိပဿနာရှုပါ၊ ဖြစ်ပျက်ဒုက္ခသစ္စာမြင်အောင် ကြည့်ပါဆိုတာ သူသတ်ယောက်ျားကို ခင်ဗျားတို့ သန္တာန်ရှိတဲ့ ဉာဏ်နဲ့ အသတ်ခိုင်းနေတာ (မှန်လှပါဘုရား)၊ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

## ဖြစ်ပျက်ရှုပြီး သတ်လိုက်စမ်းပါ

အေး . . သူသတ်ယောက်ျားသုံးယောက်ကို ခင်ဗျားတို့က ဉာဏ်နဲ့ဖြစ်ပျက်ရှုပြီးသကာလ သတ်လိုက်စမ်းပါ (မှန်ပါဘုရား)၊ ဒီဝေဒနာသုံးမျိုးသည်ကား ရန်သူချည်းပဲ - တစ်ခုမှ ကျေးဇူးရှင် မရှိဘူး (မှန်လှပါဘုရား)၊ ရန်သူချည်းပဲ။

ရန်သူတွေဖြစ်သောကြောင့် ရန်သူတွေသည်ကားလို့ ဆိုရင်ဖြင့် ရန်သူ ရန်သူမှန်းသိတာ ဒုက္ခရောက်တတ်တဲ့ တရားမှန်း သိတာ (မှန်လှပါဘုရား)၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။

## ရန်သူရန်သူမှန်းသိတာ

ရန်သူ ရန်သူမှန်းသိတာက ဘယ်ရယ်လို့ သိတာတုံး (ဒုက္ခရောက်တတ်တဲ့ တရားမှန်းသိတာပါဘုရား)၊ ဒုက္ခရောက်

တတ်တဲ့ တရားမှန်းသိတယ် (မှန်ပါဘုရား)၊ အဲဒါ ဒုက္ခသစ္စာ မြင်အောင်ကြည့် (မှန်လှပါဘုရား)၊ ဒုက္ခရောက်တတ်တဲ့ တရားမို့ ဒုက္ခသစ္စာမြင်အောင်ရှု (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ ကြည့်ခဲ့သည်ရှိသော် ဒကာဒကာမတို့ ဝေဒနာ ပစ္စယာ တဏှာဆိုတဲ့နောက် ဝေဒနာက္ခန္ဓာကြီး ဆုတောင်းချင်သေးရဲ့လား (မတောင်းချင်ပါဘူးဘုရား)၊ အဲ မတောင်းချင်တဲ့ တစ်နေ့ကျတော့ ဝေဒနာက္ခန္ဓာကြီး ပေါ်ဦးမလား (မပေါ်ပါဘူးဘုရား)၊ မပေါ်ရင် သေမင်းနဲ့ ကျုပ်တို့နဲ့ အဆက်မပြတ်သေးဘူးလား (ပြတ်ပါတယ်ဘုရား)၊ သေမင်းမြင်နိုင်သေးရဲ့လား (မမြင်နိုင်ပါဘူးဘုရား)။

## သေမင်းဆိုတာ ဘာပါလိမ့်

သေမင်းဆိုတာ ဘာပါလိမ့် (ဝေဒနာပါဘုရား)၊ အဲ ဝေဒနာနဲ့ အဆက်ပြတ်တော့ သေမင်းနဲ့ အဆက်ပြတ်တာ ဝေဒနာသတ်လို့ သေတာချည်းပဲ (မှန်လှပါဘုရား)၊ ဒါကြောင့် ဝေဒနာကို သေမင်းလို့ မာရောလို့ ဘုရားက ဟောလိုက်တယ် (မှန်လှပါဘုရား) ။

ဟော့ . . . ဒါကြောင့် ဒီလိုပေါ်လွင်အောင် ဉာဏ်ထဲကို ထင်လာမှသာလျှင် အင်း . . . ဝေဒနာနုပဿနာ ဆရာဘုန်းကြီး အရှုခိုင်းနေတာက အတော်အရေးကြီးလို့ မဟုတ်ဘူး အလွန် အလွန်အရေးကြီးလို့ အရှုခိုင်းတာကိုး (မှန်လှပါဘုရား)။

## ဘုန်းကြီးက အကူအညီပေးနေတာ

သူသတ်ယောက်ျားတွေ ဖြစ်နေသောကြောင့် ကိုယ်က ဦးအောင် သတ်နိုင်ရင်သတ်၊ မသတ်နိုင်ရင် သူက သတ်တော့မယ်ဆိုတာ သိလို့၊ ဩော် . . . တို့ကို အင်မတန် ကရုဏာရှေ့ထားပြီးသကာလ ကိုယ့်ဉာဏ်နဲ့ မြန်မြန်သတ်ပစ်လိုက်ကြလို့ ပြောတာ တယ်မြင်ပါလား၊ နို့မဟုတ်ရင်ဖြင့် တို့နေမြဲအတိုင်း နေရင် သူတို့က သတ်တော့မှာပဲဆိုတာသိလို့ ဆရာဘုန်းကြီးက အကူအညီပေးနေတာပါလားဆိုတာ မပေါ်လာသေးဘူးလား (ပေါ်လာပါပြီဘုရား)၊ အေး . . . ပေါ်လာပြီ။

ကိုင်း . . . ဒကာဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်က "**ဝေဒနာယ သတိ မာရောဝါအဿ၊ မာရေတာဝါ၊ ယောဝါပန မိယတိ**" **ယောဝ့ါပန** = အကြင်ပုဂ္ဂိုလ်သည်ကား၊ **မိယတိ** = သေတတ်၏။ **တသ္မာ** = ထို့ကြောင့်၊ **ရာဓ** = ရာဓ၊ **တ္တမ** = ဤသာသနာတော်၌၊ **ဝေဒနာ** = ဝေဒနာကို၊ **မာရောတိ** = သေမင်းဟူ၍ (ဝါ) သတ်တတ်တဲ့ပုဂ္ဂိုလ်ဟူ၍ **ပဿ** = ရှုကွ၊ ဝေဒနာကို သေမင်းလို့ရှုတဲ့ (မှန်လှပါဘုရား)။

## ဝေဒနာကို ဘယ်လိုရှုရမှာတုံး

ဒကာဒကာမတို့ ဝေဒနာကို ခင်ဗျားတို့က ကျေးဇူးတင်လိုက်တာလို့ လုပ်မနေနဲ့ သေမင်းကြီးလို့ ရှုလိုက်ပါတဲ့၊ ရိပ်မိ

ပလား (ရိုပ်မိပါပြီဘုရား)။ ဝေဒနာကို ဘယ်လိုရှုရမှာတုံး (သေမင်းလို့ ရှုရမှာပါဘုရား)၊ သေမင်းလို့ ရှုရမယ် (မှန်လှပါဘုရား)။

ဝေဒနာကို သေမင်းလို့ ရှုရမယ်တဲ့ ဒကာဒကာမတို့ ခင်ဗျားတို့က ထမင်းလေးများ စားကောင်းနေတာ သုခဝေဒနာလေးများ ပေါ်လာလို့ရှိရင်ဖြင့် အို . . . ကျုပ်ဖြင့် ဘယ်တုန်းကမှ ဒီလောက် မမြိန်ဖူးဘူး၊ ဒီတစ်ခါ မြိန်လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့၊ ပိုပြီး ကျန်းမာဦးတော့မယ် ထင်တယ်၊ အင်း . . . သတ်မယ်၊ သတ်မယ် (မှန်လှပါဘုရား)။

## စားကောင်းတိုင်းစားလို့ စားပိုးနင့်သေတယ်

သတ်လိမ့်မယ်၊ သတ်လိမ့်မယ် စားကောင်းတိုင်း စား၊ စားပိုးနင့်သေ ဟုတ်ဘူးလား (မှန်လှပါဘုရား)၊ စားကောင်းတိုင်း စားတော့ တည့်တာ၊ မတည့်တာ ရွေးသေးလား (မရွေးပါဘူးဘုရား)။

မရွေးတော့ သုခဝေဒနာ စားကောင်းတိုင်း စားလိုက် စားလိုက်တဲ့အခါကျလို့ရှိရင်လည်း ဥပေက္ခာဝေဒနာကလည်း ဒါတွေနဲ့ ဆေးသောက်မနေနဲ့ ကိစ္စမရှိပါဘူး (မှန်လှပါဘုရား)၊ စားကောင်းလို့စားတာ အရသာရှိစားသာစား ဥပေက္ခာဝေဒနာကလည်း (မှန်လှပါဘုရား)၊ စားသာစား သူကလည်း တွန်းသမား

ကို တော်ကြာ ဆေးသောက် ပျောက်သွားမှာ စိုးတယ်၊ (မှန်လှပါဘုရား)။

အဲဒီကျတော့ ဒုက္ခဝေဒနာက ကဲ မင်းတို့ ဘယ်ဆေးမှ လည်း ဖြေလို့မရတော့ဘူးဆိုပြီးသကာလ ဒုက္ခဝေဒနာက အစားမှားတဲ့ ဝေဒနာနဲ့ မတည့်တဲ့သဘောနဲ့ သတ်လိုက်တာပဲ . . . (မှန်လှပါဘုရား)။

မတည့်တဲ့ ဒုက္ခဝေဒနာကနေပြီး ခင်ဗျားတို့ ခေါင်းဖြတ် အသက်သတ်လိုက်တာပဲ (မှန်လှပါဘုရား)၊ ကိုင်း . . . ဝေဒနာ သုံးမျိုးသည် ဒကာဒကာမတို့ သုခဝေဒနာက အစားများများ အစားခိုင်းတယ် (မှန်လှပါဘုရား)။

ဥပေက္ခာဝေဒနာက အရသာရှိလို့ စားတာ ကိစ္စမရှိဘူး (မှန်လှပါဘုရား)၊ ဥပေက္ခာက ကိစ္စမရှိဘူးဆိုပြီး တွန်းချနေတာပဲ (မှန်လှပါဘုရား)။ ကလိကမာမထွန်းသာ လူနာတလဲလဲ ဆိုသလိုပဲ ဆေးသမားလိုပဲ ဆရာ အပူချိန်ဒီဂရီ (၁၀၈) လောက် ရှိရင် ကိစ္စမရှိဘူးထဲက (မှန်လှပါဘုရား)၊ ကိစ္စမရှိဘူးထဲကဘဲ ဥပေက္ခာဝေဒနာက (မှန်လှပါဘုရား)။

ကိုင်း ဒါဖြင့် ဒကာဒကာမတို့ ဥပေက္ခာ ဝေဒနာက ကိစ္စ မရှိဘူးဆိုတော့ အစားတွေက လွန်ကုန်လို့ မတည့်တာ၊ တည့်တာက ဝမ်းထဲလုံးထွေးနေတော့ ဒုက္ခတွေရောက်မလား (ရောက်ပါတယ်ဘုရား)။ ရောက်တော့ ဆေးကုရသေးလား

(မရပါဘူးဘုရား)၊ မရတော့ ဒုက္ခဝေဒနာသတ်လို့ မသေလား (သေပါတယ်ဘုရား)။

အဲဒါဖြင့် သတ်ရာဌာနဆွဲခေါ် သမား (မှန်လှပါဘုရား) ဥပေက္ခာဝေဒနာက ပြန်လမ်းမသိအောင် ကိစ္စမရှိဘူ ပြောသမား (မှန်လှပါဘုရား)၊ ဒုက္ခဝေဒနာက တိုက်ရိုက်ကိုသတ်ချလိုက်တာပဲ (မှန်လှပါဘုရား)။

ကိုင်း ဒကာဒကာမတို့ ဝေဒနာသုံးမျိုး ဘယ်ဟာကျေးဇူး ရှင်ပါသေးလဲ (မပါပါဘူးဘုရား)၊ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက **ဝေဒနာယသတိမာရော ဝါအဿ၊ မာရေတာဝါ၊ ယောဝါပန မိယတိ၊ တသ္မာတိဟ ရာဓ ဝေဒနာ မာရောတိ အဿ၊ ရာဓ** ဝေဒနာဟာ ရန်သူလို့ရှုနော် မင်းသေ လိမ့်မယ်၊ မင်းမြန်မြန်ရှု။

## ဝေဒနာဟာသေမင်း

ဝေဒနာဟာ သေမင်းကွ (မှန်လှပါဘုရား)၊ ဝေဒနာဟာ သေမင်းလို့ ရှုပေး၊ မင်းက မိတ်ဆွေလို့ ရှုမနေနဲ့ (မှန်လှပါဘုရား)။ ထိုပုထုဇဉ် အမိုက်တွေမှာတော့ ဝေဒနာသည်ကားလို့ ဆိုရင် စားကောင်းတယ်ဆိုရင်ဖြင့် ကျုပ်မာဦးမယ်တောင် ထင်သေး။ သေမှာ မမြင်ရှာဘူးတဲ့ (မှန်လှပါဘုရား)။

စင်စစ်သည်ကားဆိုရင်ဖြင့် သေချာစဉ်းစားပါ။ သေသေချာချာ စဉ်းစားပါ ဝေဒနာသည် ဘာတဲ့တုံး ဘုရားက (သေမင်းပါဘုရား)။ သေမင်း သူသတ်ယောက်ျားတွေ ဘယ်ဝေဒနာလို့တောင် မဟောပါဘူး၊ ဝေဒနာဟူသ၍ဟာ သေမင်းချည်းပဲကွတဲ့ (မှန်လှပါဘုရား)။

သုခဝေဒနာကလည်း ဆွဲခေါ်ပြီ (မှန်လှပါဘုရား)။ ဥပေက္ခာဝေဒနာကား ပြန်လမ်းမသိအောင် မျက်လုံးပိတ်ထားပြီ (မှန်လှပါဘုရား)။ ဘယ်ဝေဒနာသည် ဒကာဒကာမတို့ သူသတ်မဟုတ်တာပါသေးတုံး (မပါ ပါဘူးဘုရား)။

## သူ့လက်တွင်းခေါင်းခင်ပြီးသေခဲ့ရ

အေး . . . မပါတဲ့အတွက် ဘုန်းကြီးတို့ ဒကာဒကာမတွေဖြင့် ဝေဒနာသုံးမျိုး၏ လက်တွင်းမှာ ခေါင်းစင်းပြီး သေရတဲ့ဘဝတွေဟာ - ဘယ်လောက်များ များပြီတုံး။

ကျုပ်တော့ ရေချိုးတော့ မှားတာပဲဆိုတော့ ရေချိုးချင်တာက သုခဝေဒနာ (မှန်လှပါဘုရား)။ သုခဝေဒနာနဲ့ အကျီလေး အဝတ်ကလေးလဲပြီးတဲ့အခါကျတော့ ကိစ္စမရှိပါဘူးလေ ကိုယ်က ဘာမှမဖြစ်ဘူးဆိုပြီး ဥပေက္ခာဝေဒနာလေး ပေါ်မလာဘူးလား (ပေါ်လာပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကို လစ်လျူရှုလိုက်တာ ကိစ္စမရှိပါဘူး၊ ဟော . . . တော်တော်ကြာတော့ (၂) နာရီ၊ (၃) နာရီလောက်ကြာတော့ စိမ့်သလိုလို၊ ချမ်းသလိုလို ဒုက္ခဝေဒနာ လာပြီ (လာပါတယ်ဘုရား)။ ဟော . . . တော်တော်ကြာကျလို့ရှိရင် ဒုက္ခဝေဒနာ ကြီးကျယ်၊ ကြီးကျယ်ပြီးလာတော့ တချို့လည်း ရေချိုးမှားပြီး မသေကြဘူးလား (သေကြပါတယ်ဘုရား)။

အဲတော့ သုခဝေဒနာက၊ ရေချိုးချင်လို့ ချိုးလိုက်တာက သုခဝေဒနာ၊ ကိစ္စရှိတယ် မထင်ဘူးဆိုတာက ဥပေက္ခာဝေဒနာ၊ ညကျတော့ တစ်ခါတည်း ကုမရ၊ သမရဖြစ်လာလို့ ဒုက္ခဝေဒနာကြောင့် ဒုက္ခသတ်လို့ သေလိုက်တာ (မှန်လှပါဘုရား)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဘယ်ဝေဒနာ သုံးမျိုးသည် ဘယ်ဝေဒနာသည် ပူဇော်ထိုက်၊ ပသထိုက်ပါသလဲ (ဘယ်ဝေဒနာမှ မပူဇော်ထိုက်၊ မပသထိုက်ပါဘူးဘုရား)။

## ဘုရားက လူသတ်ယောက်ျားတွေတဲ့

ဘုရာက ဘာတဲ့တုံး (သေမင်းပါဘုရား)၊ သေမင်းတွေတဲ့ သူသတ်ယောက်ျားတွေတဲ့ ဒကာဒကာမတို့ (မှန်လှပါဘုရား)။ ဘုရားက သေမင်းတွေတဲ့ ဘယ်သူ့ ပူဇော်ပသလို့ ရဦးမှာလဲ (မရပါဘူးဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရာဓ၊ ဝိပဿနာ ရှုစမ်းကွ၊ **တဿ္မာတိဟ တွံရာဓ- ဝေဒနာမာရောတိ ပဿ၊ ရာဓ- ရာဓ၊ တဿ္မာ - ထို့ကြောင့်၊ ဣဟ - ဤသာသနာ တော်၌၊ တွံ - သင်သည်၊ ဝေဒနာ - ဝေဒနာကို၊ မာရောတိ - သူသတ်ယောက်ျားလို့၊ ပဿ - ကြပ်ကြပ်ရှုပေးစမ်းကွ။**

ကဲ ဝေဒနာကို ဘယ်လိုရှုရမယ်တဲ့တုံး (သူသတ် ယောက်ျားလို့ ရှုပေးရမှာပါဘုရား)။ သုတ္တာန် သို့မဟုတ် ဝေဒနာနဲ့ နိဗ္ဗာန်ရောက်ပုံ အဲတော့ ခင်ဗျားတို့သည်ကားဆိုရင်ဖြင့် ဝေဒနာ အလုပ်ကို လုပ်ပါတော့ ဆိုတဲ့ အချိန်ရောက်ကြောင်းကို ယနေ့ ပြောမယ် (မှန်လှပါဘုရား)။

ဝေဒနာအလုပ်ကို ခင်ဗျားတို့သည်ကားဆိုရင်ဖြင့် လုပ်ချိန်ရောက်ပါပြီ (မှန်လှပါဘုရား)၊ ဒီအချိန်က လွန်သွားလို့ ရှိရင် ခင်ဗျားတို့ ဆင်းရဲလိမ့်မယ်ဆိုတဲ့အကြောင်းကို သေသေ ချာချာ သတိရစေချင်တဲ့ သဘောနဲ့ ဘုန်းကြီးက ပြောတယ် (မှန်လှပါဘုရား)။

## သောဏကနဲ့ အရိန္ဒမ မင်းသား

အဲတော့ ဘုန်းကြီးတို့ ဘုရားအလောင်းသည် ဘုရား မဖြစ်မီ ရှေးအဖို့ကာလက သူသည် တက္ကသိုလ်ပြည် သွားပြီး သကာလ ပရောဟိတ် ပုဏ္ဏား၏ သား သောဏကနဲ့ ဘုရား

အလောင်း အရိန္ဒမမင်းသားတို့ တက္ကသိုလ်ပြည်သွား ပညာမသင်ကြလား (သင်ပါတယ်ဘုရား)။

## တက္ကသိုလ်ပြည်မှာ ပညာသင်တယ်

အေး . . . သင်ကြတယ် တက္ကသိုလ်ပြည်ကို ပရောဟိတ် ပုဏ္ဏား၏ သားနဲ့ ကျုပ်တို့ ဘုရားအလောင်း အရိန္ဒမတို့ ပညာသင်သွားတယ် ပညာသင်သွားပြီးသကာလ သူတို့သည် တတ်အပ်တဲ့ ပညာတွေကို တတ်ခဲ့တယ်။

နောက် ပညာတွေ သုံးလေးနှစ် သင်ပြီးနောက် ပြန်မလာဘူးလား (ပြန်လာပါတယ်ဘုရား)၊ ပြန်လာတဲ့အခါ တစ်ခုသော ရွာရောက်တယ် (မှန်လှပါဘုရား)၊ တစ်ခုသော ရွာရောက်လို့ရှိရင်ဖြင့် သူတို့ တစ်ခုသော မင်္ဂလာအခမ်းအနားဝင်ကြတယ် (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ မင်္ဂလာအခမ်းအနားဝင်ကြပြီသကာလ သူတို့ မင်္ဂလာရှိတဲ့ပုဂ္ဂိုလ်ဆိုပြီး မင်္ဂလာ အခမ်းအနားကနေပြီး သူတို့ကို ပရိတ်တွေ၊ မေတ္တာတွေ ဘာဝနာတွေ ရွတ်ခိုင်းလို့ သူတို့ ရွတ်ကြရတယ် (မှန်လှပါဘုရား)။

## တိုင်းပြည်တစ်ပြည်ရောက်သွားတယ်

အဲဒီကနေ ရှေ့ဆက်လက်သွားတဲ့အခါကျလို့ရှိရင်ဖြင့် တိုင်းပြည်တစ်ပြည်ရောက်သွားပြီး၊ အဲဒီတိုင်းပြည်တစ်ပြည်

ရောက်သွားတဲ့အခါ တစ်ခုသော ကျောက်ဖျာပေါ်မှာ နှစ်ယောက် အိပ်ကြတယ်မဟုတ်လား (မှန်လှပါဘုရား)။

အေး . . . နှစ်ယောက်အိပ်ကြတယ် အဲဒီနှစ်ယောက် အိပ်ကျလို့ရှိရင်ဖြင့် သူတို့ ရှိနေတဲ့ အနီးအနားတိုင်းပြည်ကလည်း တိုင်းပြည်အုပ်ချုပ် မင်းလုပ်ပြီးသကာလ နေတဲ့ ရှင်ဘုရင်က နတ်ရွာစံတယ် (မှန်လှပါဘုရား)။

## သမီးတော်တစ်ပါးရှိတယ်

သမီးတော်တစ်ပါးကလည်းရှိတယ်၊ အဲ့ဒီတိုင်းပြည် အုပ်ချုပ်ပြီး နောက်မင်းလုပ်ရမည့် ပုဂ္ဂိုလ်ကို သူ့တို့ ရှာကြစို့လို့ ဆိုပြီး မှူးတော် မတ်တော်တွေက ရှာကြတယ် (မှန်လှပါဘုရား)။

ထိုကဲ့သို့ မှူးတော်မတ်တော်တွေက ရှာကြတဲ့အခါ ကျတော့ကို မင်းမြောက်တန်ဆာ ငါးပါးတင်ပြီးသကာလ ရတနာ ရှိတဲ့မြင်းကို ရထားတပ်ပြီး သကာလ မင်းလောင်းရှာတဲ့ သဘော တိုင်းပြည်ကို၊ ဒီရထားဆိုက်တဲ့ အိမ်ဟာ မင်းလုပ်မည့် ယောကျ်ားရှိတယ် (မှန်လှပါဘုရား)။

## ဖုတ်သွင်းရထားဆိုက်တယ်

ဆိုပြီးလွှတ်လိုက်တဲ့အခါ ခုနက အရိန္ဒမနဲ့သောဏကတို့ နေတဲ့ကျောက်ဖျာမှာ မဆိုက်လား (ဆိုက်ပါတယ်ဘုရား)၊

သို့သော် မဆိုက်ခင်ကပဲ သောဏကဆိုတဲ့ ပုဂ္ဂိုလ်က သူသိတယ် (မှန်လှပါဘုရား)။

ဟိုကဟာ ဖုတ်သွင်းရထားပဲ အဲဒီရထားဆိုက်လာလို့ ရှိရင်ဖြင့် သူက ရှင်ဘုရင်လုပ်မှာ၊ ငါစစ်သူကြီး ဖြစ်ရလို့ရှိရင်ဖြင့် ဒုက္ခတော့ လှလှကြီး ရှိချေရဲ့၊ စစ်သူကြီး ဒုက္ခဝေဒနာရချေရဲ့ (မှန်လှပါဘုရား)။

## သောဏကကရှောင်ပြေးတယ်

ခင်ဗျားတို့ ဆိုရင်တော့ဖြင့် အင်း . . . သူ ရှင်ဘုရင် ဖြစ်လို့ရှိရင် ငါရာထူးရလို့ ဝမ်းသာမှာပေါ့ဗျာ (မှန်လှပါဘုရား)။ သို့သော် ဟိုပုဂ္ဂိုလ်က သုခဝေဒနာရမှာလည်းကြောက်၊ ဒုက္ခဝေဒနာလည်း ရမှာလည်း ကြောက်တာနဲ့ ရထားလာတာ မြင်ကတည်းက ကျောက်ဖျာပေါ်က ဆင်းပြီး တောထဲဝင်တော့တာပဲ (မှန်လှပါဘုရား)၊ ဟိုပုဂ္ဂိုလ်က (တင်ပ့ါ)။

ကျုပ်တို့ဘုရားအလောင်းကတော့ အိပ်ပျော်ပြီး နေရစ်တာနဲ့ သူမထဘူး (မှန်လှပါဘုရား)၊ မထတော့ ဖုတ်သွင်း ရထားဆိုက်လာပြီးသကာလ ဒီပုဂ္ဂိုလ်၏ ပုဆိုးခြုံထည်တွေ ဖွင့်ပြီးသကာလ သူရဲ့ အမူအရာတွေ ကြည့်တဲ့အခါကျတော့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်တဲ့ အချင်းအရာအားခွန်ဗလတွေ ပရောဟိတ်ပုဏ္ဏားကမြင်တယ် (မှန်လှပါဘုရား)။

## အရိန္ဒမ မင်းသားမင်းဖြစ်တယ်

မြင်တော့ တီးကြ မှုတ်ကြ သီဆိုပြီးသကာလ ဒကာ ဒကာမတို့ တစ်ခါတည်း နိုးအောင်ပဲ တီးကြ မှုတ်ကြတဲ့အခါ ကျတော့ နိုးလာတယ်၊ နိုးလာတော့ ဘာပါလိမ့်မတုံးလို့ ကျုပ်တို့ ဘုရားအလောင်း အရိန္ဒမက မေးတဲ့အခါကျတော့ ဟာ. . . တိုင်းပြည်အုပ်ချုပ် မင်းလုပ်ဖို့ရာ မင်းလောင်းရှာတာ အရှင်နဲ့ပဲ ထိုက်တယ်။

ဒါကြောင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ဖို့ရန် လိုက်ခဲ့ပါ။ သို့သော် နဂိုကတည်းက သုခဝေဒနာကြိုက် ဖြစ်ပြီးသကာလ နေတော့ အေး . . လိုက်မယ် ဆိုပြီးတော့ ပါသွားတာပေါ့ဗျာ . . . (မှန်လှပါဘုရား)၊ သုခဝေဒနာဆွဲသွားပြီ ဒကာဒကာမတို့ (မှန်လှပါဘုရား)။

## သုခဝေဒနာက ဆွဲသွားပြီ

ဘယ်သူဆွဲသွားတာတုံး (သုခဝေဒနာက ဆွဲသွားတာ ပါဘုရား) ဟာ. . . ငါဖြင့် ချမ်းသာတဲ့ ရတနာကြီးဆိုက်ပါပေ့ လား (မှန်လှပါဘုရား)၊ ချမ်းသာတဲ့ ရတနာကြီး ဆိုက်ပါပေ့လား ဆိုပြီး သုခဝေဒနာခေါ် သွားတာနဲ့ ပါသွားရော (မှန်လှပါဘုရား)။

ပါသွားပြီးတိုင်းပြည်မှာတဲ့ သမီးတော်တစ်ယောက်နဲ့ လက်ထပ်ပြီးသကာလ ဟုတ်လား နေလိုက်ထိုင်လိုက်ကြတယ်

(မှန်လှပါဘုရား)၊ ခုနက တောထဲထွက်သွားတဲ့ ပရောဟိတ် ပုဏ္ဏား၏သားက သူတို့လည်း ရထားထွက်သွားလို့ မမြင်တဲ့ နေရာရောက်ပါရော သူသည်ကားလို့ဆိုလို့ရှိရင် တစ်ခါတည်း ကျောက်ဖျာထက်တက်လာတာပဲ သောဏက က တက်လာပြီး သကာလ သူတက်လာပြီးများ မကြာမီပဲ ကျောက်ဖျာနဲ့ကပ်နေ တဲ့ သစ်ပင်က သစ်ရွက်ကလေး ကြွေကျတယ် (မှန်လှပါဘုရား)။

## သစ်ရွက်ကလေးကြွေကျတယ်

ဩော်. . . ကြွေကျတာသည် တခြားဟုတ်ပါရဲ့လား မခိုင်မှုကြောင့် ကြွေတာပဲ၊ မပိုင်မှုကြောင့် ကြွေတာပဲလို့ သူစိတ် ထဲမှာ ဒီသစ်ရွက်ကလေး မြင်လိုက်တယ် (မှန်လှပါဘုရား)။ မြင်လိုက်ပြီးသကာလ ကိုယ့်ခန္ဓာကြည့်လိုက်တယ် (မှန်လှပါ ဘုရား)။

ကိုယ့်ခန္ဓာကြည့်လိုက်ပြန်တော့လည်း အင်း . . . သူက တော့ဖြင့် သူခဝေဒနာကြိုက်လို့ အသတ်ခံသွားပြီ၊ ငါသည် ကားလို့ဆိုရင် သုခဝေဒနာအသတ်မခံနိုင်ဘူးဆိုပြီး သူက သုခ ဝေဒနာဖြစ်ပျက်ရှုတယ် (မှန်လှပါဘုရား)။

## သောတာက က ဆင်ချင်တယ်

သစ်ရွက်ကလေး နမူနာရပေါ့၊ သစ်ရွက်ကလေးက ဖြစ်ပြီးပျက်တာသည် ခိုင်ရာမှ မခိုင်ရာသို့ ရောက်တယ် တွဲလောင်းလေးနေရာမှ ပြုတ်ကျတဲ့ဆီသို့ရောက်တယ် (မှန်လှပါဘုရား)။

အဲဒီ့ကဲ့သို့ ဩော် . . . ဒီလိုဖောက်ပြန်ပျက်ဆီးနေပါလားဆိုပြီးသကာလ သူ့စိတ်ထဲမှာဖြင့် သူ့ခန္ဓာထဲမှာ ဝေဒနာက္ခန္ဓာကြီးကို ကြည့်ပြီး သုခပေါ်လည်း ဖြစ်ပျက်ရှု (မှန်လှပါဘုရား)။

## ဝေဒနာကို ဖြစ်ပျက်ရှုတယ်

ဒုက္ခပေါ်နေတော့ကော (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ဥပေက္ခာပေါ်ပြီး ဖြစ်ပျက်ရှု (မှန်လှပါဘုရား)၊ အဲဒီ့ဖြစ်ပျက်ရှုပြီး သကာလနေလိုက်တာ ဒကာဒကာမတို့ ဒီဖြစ်ပျက်သုခဝေဒနာခါတ်သည် ဒီခန္ဓာကြီးထဲမှာပဲ ဝေဒနာခါတ်တွေကို ဖြစ်ပျက်ရှုတာနဲ့၊ ဘယ်ဆရာမှ မပါဘူး ပစ္စေက ဗုဒ္ဓါကြီး ဖြစ်လာတယ် (မှန်လှပါဘုရား)၊ မမြန်ဘူးလား (မြန်ပါတယ်ဘုရား)။

## ပစ္စေက ဗုဒ္ဓါဖြစ်တယ်

ဝေဒနာရှုတာပဲ၊ ဝေဒနာရှုလိုက်ကရော၊ သုခဝေဒနာပေါ် ရှု၊ ဒုက္ခဝေဒနာပေါ် ရှု၊ ကျောက်ဖျာပေါ်တင် နောက်

သူ့လက်နဲ့သူ၊ သူ့ခေါင်းကို သပ်လိုက်တဲ့အခါကျတော့ကို ဆံပင်တွေ ဘာတွေပျောက်ပြီးသကာလ ပစ္စေကဗုဒ္ဓါဆိုတဲ့ ရဟန်းအသွင်အပြင် သပိတ်ပရိက္ခရာနဲ့ လွယ်ပြီးသား၊ ခြုံပြီးသား ရုံပြီးသား ပေါ်ပေါက်လာတယ် (မှန်လှပါဘုရား)၊ အင်မတန် မြန်တယ်နော် (မှန်လှပါဘုရား)။

အဲဒါ ဆရာမလိုပါဘူး (မှန်လှပါဘုရား)၊ ပစ္စေကဗုဒ္ဓါ သည်ကားလို့ဆိုရင် ဆရာမလိုပါဘူး၊ အဲဒါနဲ့ပဲသူသည် အင်မတန် ချမ်းသာ ကျန်းမာပြီးသကာလ ဒီနေရာတင်ပဲ တစ်ခါတည်း ပစ္စေက ဗုဒ္ဓါဖြစ်တာနဲ့ နန္ဒမူလိုဏ်ကြွသွားတယ် (မှန်လှပါဘုရား)။

## နန္ဒမူလိုဏ်ကြွသွားတယ်

နန္ဒမူလိုဏ်ကြွသွားတယ် မမြန်ဘူးလား (မြန်ပါတယ် ဘုရား)၊ နန္ဒမူလိုဏ်ကြွပြီးသကာလ နေတော့ ဘာဖြစ်လို့ဒီ ကိုယ်တော် ခုနတော့ဖြင့် ခြေလျှင်လာပြီး အခုတော့ဖြင့် ကောင်းကင် ခရီးက သွားပါလိမ့်မလဲလို့ မေးဖို့မလိုဘူးလား (လိုပါတယ်ဘုရား)။

## ကိလေသာအလေးခါတ်မရှိလို့

ကိလေသာ အလေးခါတ်တွေ မရှိလို့ ပေါ့သွားလို့ (မှန်လှပါဘုရား)၊ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)၊ အေး ကိလေသာ

အလေးဓါတ်တွေ မရှိတော့ စိတ်နဲ့ရုပ်နဲ့ဟာ တစ်ခါတည်း တွဲပြီး သကာလ နန္ဒမူလိုက်ကြွမယ်ဆို နန္ဒာမူ လိုက်ရောက်သွားတယ် (မှန်လှပါဘုရား)။

ကိလေသာအလေးဓါတ်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ သွားတော့ သွားချင်တာပဲ ကျုပ်ကိုယ်နဲ့ကျုပ်နဲ့ကို အခက်ကြီး (မှန်လှပါဘုရား)၊ ဆိုပြီးသကာလ ထိုင်ညည်းရတာ သွားနိုင်သေးရဲ့လား (မသွားနိုင်ပါဘူးဘုရား)။

ဒါဖြင့်လေးတာ ပေါ့တာသည် ဒကာဒကာမတို့ လူအချိန်ကို ဆိုတာလား ကိလေသာကို ဆိုတာလား (ကိလေသာကို ဆိုတာပါဘုရား)၊ ဒါဖြင့် ဒကာဒကာမတွေ လူဝတာ လူပိန်တာ လိုရင်းမဟုတ် (မှန်လှပါဘုရား)၊ အတွင်းကိလေသာ မကုန်သ၍ ကာလပတ်လုံးလေးမယ် (မှန်လှပါဘုရား)။

## ကိလေသာသေရင်ပေါ့တယ်

ကိလေသာသေသွားရင် (ပေါ့ပါတယ်ဘုရား)၊ အေး . . . ဒါကြောင့် ဒကာဒကာမတို့ လေးတဲ့ ပစ္စည်းသည် မြုပ်တယ် (မှန်လှပါဘုရား)၊ ဟုတ်လား ပေါ့တဲ့ပစ္စည်းသည်ပေါ်တယ် (မှန်လှပါဘုရား)၊ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)၊ ဒါဖြင့် ပေါ်ချင်သလား မြုပ်ချင်သလားလို့ မေးရဦးမယ် (ပေါ်ချင်ပါတယ် ဘုရား)၊ ဘယ့်နဲ့ဆိုကြမတုံး (ပေါ်ချင်ပါတယ်ဘုရား)။

## ပေါ်ချင်သလား၊ မြုပ်ချင်သလား

အေး . . . ပေါ်ချင်ရင်တော့ အပြောနဲ့တော့ ပေါ်လို့ မရဘူး (မှန်လှပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ အေး . . . ပေါ်ချင်ရင်တော့ အပြောနဲ့တော့ ပေါ်လို့ မရပါဘူး၊ သေသေချာချာ လုပ်လို့ ကိလေသာ ကုန်ခန်းရင် ပေါ်မှာပဲ (မှန်လှပါဘုရား)၊ ကိလေသာ မကုန်ခန်းရင် (မပေါ်ပါဘူးဘုရား)၊ မြုပ်မှာပဲ (မှန်လှပါဘုရား)။

## ကိလေသာကြောင့်လေးနေတာ

လေးတာသည်ကား ဆိုလို့ရှိရင် လူအလေးချိန်ကို ဆိုတာလား၊ ကိလေသာကြောင့် လေးတာလား (ကိလေသာကြောင့် လေးတာပါဘုရား)၊ ခုနက သောဏကသည်ကားဆိုရင်ဖြင့် သူတို့ ခြေလျှင်လာပြီး ကျောက်ဖျာပေါ် ရောက်ကြတာပဲ (မှန်လှပါဘုရား)၊ အခု ပစ္စေက ဗုဒ္ဓါဖြစ်သွားလို့ ဝေဒနာနုပဿနာ ရှုလိုက်တဲ့အခါကျတော့ ကိလေသာက ဝေဒနာ နိယောဓာ တဏှာနိယောဓေါဖြစ်တယ်၊ (မှန်လှပါဘုရား)။

ဝေဒနာနိယောဓါ တဏှာနိယောဓေါဖြစ်လို့ တဏှာ သေသွားတဲ့အခါ ကျတော့ နန္ဒမူလိုဏ်ကြွပါတော့မယ်ဆိုတဲ့ စိတ်လည်းပေါ်လာရော-နန္ဒမူလိုဏ်ရောက်တာပဲ (မှန်လှပါဘုရား)၊ စိတ်နဲ့ရုပ်နဲ့ အတူတူဖြစ်မနေဘူးလား (ဖြစ်ပါတယ်ဘုရား)။

## ပစ္စေကာဗုဒ္ဓါက ဘာသာသတုံး

အေး . . . အဲတော့ သူ့ရုပ်ကြီးလည်း ကျုပ်တို့ရုပ်မျိုးလိုပါပဲ (မှန်လှပါဘုရား)၊ သို့သော် သူက ဘာသာသတုံးပေါ့တာသာတယ်၊ ဟုတ်ပလား (မှန်လှပါဘုရား)။

အဲဒီတော့ ပေါ့တာသာတယ်ဆိုတာသည်ကားလို့ဆိုရင် အလေးချိန်ကို ဆိုတာလား၊ ကိလေသာကို ဆိုတာလား (ကိလေသာကို ဆိုတာပါဘုရား)၊ အေး. . . ဒါကြောင့် ဒကာဒကာမတို့ ဘုန်းကြီးခုနက ပြောခဲ့တဲ့အတိုင်းသာ မှတ်ကြပါတော့ (မှန်လှပါဘုရား)။

ဘုန်းကြီးခုနက ပြောခဲ့တာ ဘယ်လိုမှတ်ရမလဲဆိုတော့ အလေးချိန်များရင် မြုပ်ပြီ (မှန်လှပါဘုရား)၊ ဟုတ်ပလား (မှန်လှပါဘုရား)၊ ကိလေသာ အလေးချိန်များရင် (မြုပ်ပါတယ်ဘုရား)၊ ကိလေသာမရှိရင် (ပေါ်ပါတယ်ဘုရား)၊ ပေါ်တယ်။

## ကိလေသာကုန်အောင်လုပ်ကြစမ်းပါ။

အဲဒါကြောင့် ကိုယ့်ဟာကိုယ်လည်း ရေကူးကြည့်ကြဦး (မှန်လှပါဘုရား)၊ မြုပ်မှာလား၊ ပေါ်မှာလား (မြုတ်မှာပါဘုရား)။ မြုပ်မှာပဲ၊ အေး - ဒါကိုယ့်ဟာကို ဆုံးဖြတ်ချက်ချ၊ ဘယ်သူ့မှ မေးနေစရာ မလိုပါဘူး (တင်ပါဘုရား)၊ ဘယ့်သူ့မှ မေးနေစရာ မလိုပါဘူး ဒါကြောင့် ဒကာဒကာမတို့ **ကိလေသာ ကုန်အောင်** လုပ်ကြစမ်းပါ (မှန်လှပါဘုရား)။

ဝေဒနာ နုပဿနာ ရှုလိုက်လို့ရှိရင် ဉာဏ်မလာဘူးလား (လာပါတယ်ဘုရား)။ ဉာဏ်လာကတည်းက ဝေဒနာချုပ်လို့ တဏှာမသေသေးဘူးလား (သေပါတယ်ဘုရား)။ ဒါ အပေါ့ခါတ် လုပ်နေတာ မဟုတ်ဘူးလား (မှန်လှပါဘုရား)။ အေး - ဒီအပေါ့ ခါတ်မှတစ်ပါး ကျုပ်တို့မှာ ကိုးစားရာ အားထားရာ ရှိရဲ့လား (မရှိပါဘူးဘုရား)။

ဒါကြောင့် ဒကာဒကာမတွေ မြုဂ်သမား၊ မျောသမား၊ ပေါ်သမား၊ ဆန်သမားဆိုတာ တခြားစီ မြုပ်သမား၊ မျောသမား သည် ကိလေသာ အလေးခါတ်ရှိတဲ့ ပုဂ္ဂိုလ် (မှန်လှပါဘုရား)။ ပေါ်သမား ဆန်သမားသည် ကိလေသာ ချုပ်တဲ့ပုဂ္ဂိုလ် (မှန်လှပါ ဘုရား)။

## ဝေဒနာနုပဿနာကြပ်ကြပ်ရှု

အဲဒီ့ကဲ့သို့ ဒကာဒကာမတို့က ဉာဏ်နဲ့ ဦးတိုက်ပြီး သကာလ တို့ဖြင့်ဟေ . . . ပေါ်သမား၊ ဆန်သမားသာ ဖြစ် အောင် လုပ်တော့မယ် မြုတ်သမား မျောသမား အဖြစ် လက်လျှော့တော့မယ်ဟေ့ ဒါတွေ သပိတ်မှောက်တော့မယ်ဟေ့ ဆိုရင်ဖြင့် ဝေဒနာနုပဿနာကြပ်ကြပ်ရှု (မှန်လှပါဘုရား)၊ ရှုရင် တဏှာမသေဘူးလား (သေပါတယ်ဘုရား)။

ကျုပ်လည်း ကောင်းစားနေပြီဆိုပြီးသကာလ ဒီမှာပဲ အတူတူ ပျော်ပျော်နေကြဦးစို့၊ သူက ဒီအပြောမျိုး သဘောကျတာ (မှန်လှပါဘုရား)။

## တို့ရဟာန်းများမှာတော့

ဟိုက ရောက်၊ ရောက်ချင်း ပစ္စေကဗုဒ္ဓါဆိုတော့ ဒကာကြီး . . . တရားဟောပြီ (မှန်လှပါဘုရား)၊ တရားဟော တယ်တဲ့၊ ဘယ်လိုတရားဟောလိုက်ပါသလဲဆိုရင် တို့ရဟာန်းများ မှာ သိပ်ချမ်းသာတာပဲ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်နဲ့ နေရတဲ့အတွက် ဘယ်သူခိုး၊ ဘယ်ဓါးပြမှ ကြောက်စရာမရှိဘူး (မှန်လှပါဘုရား)။

## ချမ်းသာတယ်

စပါးတွေ ဘာတွေလည်း စပါးကျည်တွေနဲ့ ထားရတာ မဟုတ်သည် ဖြစ်လေသောကြောင့် စပါးမီးလောင်မှာလည်း နောက်ကြောင်းစိုးရိမ်စရာ မရှိဘူးကွ၊ သပိတ်ရှိပြီးတာပဲ၊ (မှန်လှပါဘုရား)၊ ဒီလိုဟောနေတာ၊ ပြီးတော့ လမ်းသွားတဲ့ အခါမှာလည်း တို့မှာ ဘယ်ရန်သူမှလည်း တို့ကို မနှောက်ယှက် ဘူး သင်္ကန်းကလည်း စုတ်စုတ်ပြတ်ပြတ် ချုပ်ဖာဝတ်ထားရတာ (မှန်ပါ့ဘုရား)။

## တကျော့သေရင် အဆန်သမားဖြစ်မယ်

တကျော့သေရင် မြုပ်သမား၊ မျောသမား ဖြစ်သေးရဲ့လား (မဖြစ်ပါဘူးဘုရား)၊ အေး ဆန်သမား၊ ပေါ်သမားသာ ဖြစ်တော့မယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ (မှန်လှပါဘုရား)။ သောဏက ထောက်လိုက်သဖြင့် မသေချာဘူးလား (သေချာပါတယ်ဘုရား)။

အေး - ဒါနဲ့ပဲ သောဏကသည်ကားဆိုရင် နန္ဒမူလိုဏ်ရောက်တယ် ပေါ့ပေါ့ပါးပါးနဲ့ (မှန်လှပါဘုရား)၊ နှစ်ပေါင်း အနှစ် (၆၀) လောက်ရှိတဲ့ အခါကျတော့မှ ခုနက အရိန္ဒမ မင်းကသားလေး (၁၆) နှစ်လောက်ရှိမှပဲ သတိရတယ် ငါသည်ဘယ်နေရာက ရှင်ဘုရင် ဖြစ်လာပါလိမ့်မလဲ၊ ရှင်ဘုရင်ဖြစ်တာ တောင်မေ့ကုန်ပြီ (မှန်လှပါဘုရား)၊ ဘယ်လောက်များသည်ကားဆိုရင် သုခဝေဒနာ လှည့်စားထားလိုက်တာ ဒကာဒကာမတွေ (မှန်လှပါဘုရား)။

## သောဏက ဘယ်များရောက်နေသတုံး

သုခဝေဒနာ ချမ်းသာတာ လှည့်စားထားလိုက်တာ၊ အသက် (၆၀) ရောက်လာမှ ငါသည်ကားဆိုရင် မိတ်ဆွေသောဏက ဘယ်နေပါလိမ့်မတုံးလို့ အဲဒီအချိန်မှ ပေါ်လာတယ် (မှန်လှပါဘုရား)၊ ဘယ်လောက်များ မေ့ချက်သန်နေပြီ ဆိုတာ ပေါ်လား (ပေါ်လာပါပြီဘုရား)။

အဲဒါ ဘယ်ဝေဒနာ လှည့်စားလိုက်တာတုံး (သုခ ဝေဒနာ လှည့်စားတာပါဘုရား)။ အေး အဲဒါ အပါယ်စာတွေ စုနေရတာ သုခဝေဒနာကြောင့် (မှန်လှပါဘုရား)။

## သတိရလို့ သီချင်းစပ်ပြီးရှာတယ်

အဲဒီတင်မှ သတိလေးဘာလေး ရပြီး သူ့သီချင်းကလေး စပ်ဆိုပြီး သောဏာကကို သတင်းပေးနိုင်ရင် ငွေတစ်ရာ ပေးမယ် ဟုတ်လား (မှန်လှပါဘုရား)၊ တိုက်ရိုက် လက်ထောက်ချနိုင် လို့ရှိရင် ကိုယ်တိုင်လိုက်ပို့နိုင်လို့ရှိရင် တစ်ထောင်ပေးမယ် ဆိုပြီး သီချင်းဘာတွေလုပ်တော့ ဟိုကနေပြီး အဘိညာဉ်နဲ့ ကြည့်လိုက် တယ်။

အဘိညာဉ်နဲ့ ကြည့်လိုက်တယ်၊ ဘယ်လို အဘိညာဉ်နဲ့ ကြည့်လိုက်သလဲဆိုတော့မှ - ငါ့မိတ်ဆွေ အရိန္ဒမမင်းကြီး ယခုအခါ သံဝေဂများ ရလောက်ပလား ငါ့များ သတိရပလား လို့ ဟိုကကြည့်လိုက်တဲ့အချိန်ကျတော့မှ သတိရတယ် (မှန်လှပါ ဘုရား)၊ သတိရလို့ သီချင်းစပ်ပြီး ငါ့ကိုရှာပြီ၊ (မှန်လှပါဘုရား)။

## ချွတ်ချိန်ရောက်လို့ ချွတ်ဦးမှပဲ

ပစ္စေကဗုဒ္ဓါဥယျာဉ်ထဲကြွလာတယ် ဆိုတဲ့ ပြီးတော့မှ ကိုယ်တော်က ကဲသွားပြီ ချွတ်ချိန်ရောက်လို့ ချွတ်ဦးမှပဲဆိုပြီး

လာခဲ့တယ် (မှန်လှပါဘုရား)၊ လာခဲ့တဲ့ အခါ ဥယျာဉ်ထဲ ရောက်လာတယ် နန်းတော်နဲ့ မနီးမဝေး ဥယျာဉ်ထဲ ရောက်လာပြီး န္တားကျောင်းသားလေးက ဒီသီချင်း ဆိုနေတော့ ရှာတဲ့သီချင်း ပေါ့ဗျာ (မှန်လှပါဘုရား)။

အဲဒီသီချင်းကလေးဆိုပြီးတော့နေတော့ အရိန္ဒမ ငါ့ကိုရှာတဲ့သီချင်းပဲလို့ သောဏက က သိတယ်၊ ပစ္စေက ဗုဒ္ဓါက သိတယ် (မှန်လှပါဘုရား)၊ ဟေ့သူငယ်လေး န္တားကျောင်းသား လေး မင်းဒီသီချင်းအဓိပ္ပာယ် သိရဲ့လား (မသိပါဘူးဘုရား)။

ရှင်ဘုရင်က ဒီသီချင်းကို ကြိုက်နှစ်သက်တာနဲ့ တပည့် တော်တို့လည်း ဆိုနေတာပဲ (မှန်လှပါဘုရား)၊ အေး ဒီသီချင်း ပုဒ် ပြန်ပြီးရေးလိုက်မယ် အဲဒီသီချင်းကို ငါပြန်ပြီး တစ်မျိုးစီစဉ် လိုက်မယ်၊ ငါ့တွေ့ခဲ့တယ်၊ လိုက်ပြမယ်လို့ပြော၊ ပြောလို့ရှိရင် ငွေထောင့်တစ်ရာပေးလိမ့်မယ် (မှန်လှပါဘုရား)။

## ဘုရင်ကဝမ်းသာတယ်

ဆိုပြီး သီချင်းလေး ပြန်ပေးလိုက်တော့ ကလေးနဲ့ စာရွက်ကလေးနဲ့ လွှတ်လိုက်တဲ့အခါ ရှင်ဘုရင်ဆီ ရောက်တော့ ရှင်ဘုရင်က သိပ်ဝမ်းသာတာပေါ့လေ- ငယ်သူငယ်ချင်းတွေ့ရ တော့မယ် (မှန်လှပါဘုရား)၊ ဆိုပြီးသကာလ တွေ့ချင်တာက ခင်လို့တွေ့ချင်တာ (မှန်လှပါဘုရား)၊ ဟုတ်လား ဘယ်အဓိပ္ပာယ် မျိုးမှ မရှိဘူး (မှန်လှပါဘုရား)။

## သူငယ်ချင်းမို့ တွေ့ချင်တာ

ငယ်သူငယ်ချင်းမို့ တွေ့ချင်တာမှတစ်ပါး ဘာမှမရှိဘူး (မှန်လှပါဘုရား)၊ အဲဒီတင်မှ ကလေး သေချာပြမှာလား မင်း၊ ဟုတ်ပါတယ် ဥယျာဉ်ထဲမှာ ရှိပါတယ်။ သတင်းကော ပေးနိုင်ရဲ့လား၊ ဒီနေရမယ်၊ ဒါကြောင့် ထောင့်တစ်ရာသာ ပေးပါဆိုတော့ ကလေးကို ငွေထောင့်တစ်ရာပေးပြီး ကဲ မင်းလိုက်ပြ ရမယ် (မှန်လှပါဘုရား)။

ဆိုပြီး ရှင်ဘုရင်ဖြစ်တဲ့အခါကျတော့ အကြီးအကျယ် အခမ်းအနားနဲ့ ထွက်ရတော့ (၂) ရက် (၃) ရက်မှ ထွက်နိုင်တာပေါ့ဗျာ (မှန်လှပါဘုရား)၊ ပြင်ဆင်နေတာကို (မှန်လှပါဘုရား)။

အဲ (၂) ရက်၊ (၃) ရက်မှ ထွက်ပြီး ခုနက ပစ္စေကဗုဒ္ဓါက နေရှာတာပဲ (မှန်လှပါဘုရား)။ နေပြီးသကာလ ရှင်ဘုရင်က အတွေ့ချင်ကြီး တွေ့ချင်ပြီးသကာလ သွားတော့ တွေ့တာပါပဲ သုံးရက်လောက် ရှိတော့ ထွက်ပြီးတွေ့တဲ့အခါ သူက ပြောစေချင်တာကတခြား၊ ဟိုကဟောတဲ့ တရားက တခြား (မှန်လှပါဘုရား)။

ဘယ့်နဲ့တုံး ငယ်ငယ်တုန်းက ဘယ်လိုနေခဲ့ကြတယ်၊ ဘယ်လိုထိုင်ခဲ့ရတယ်၊ ဘယ်လို ပညာသင်ခဲ့ရတယ်၊ ဘယ်လို ပျော်ခဲ့ရတယ် အခုကွဲနေတာ ကြာပြီ (မှန်လှပါဘုရား)။

အဲဒီတော့ ဘယ်ဓါးပြ၊ ဘယ်သူခိုးမှလည်း ဒီပစ္စည်းကို မကြိုက်ဘူးကွ၊ (မှန်လှပါဘုရား)၊ အဲဒီလို ချမ်းသာတာကလည်း တစ်မျိုးကွ (မှန်လှပါဘုရား)၊ ကြောင့်ကြမှုတွေ အင်မတန်ကင်းတယ် ဘယ်နဲ့တုံး ဒကာကြီးသဘောကျရဲ့လားလို့ မေးလိုက်တယ် (မှန်လှပါဘုရား)။

## ရဟန်းတွေကောင်းတာ လူနဲ့ဘာဆိုင်လို့လဲ

ဟား . . . အရှင်ဘုရားကောင်းတာ၊ အရှင်ဘုရားဟောနေတာ- တပည့်တော်နှင့် ဘာဆိုင်တာမှတ်လို့ ဘောက်ချတာပေါ့ဗျ၊ ဟုတ်လား၊ အရှင်ဘုရားတို့ ရဟန်းတွေကောင်းတာ အရှင်ဘုရားပြောနေတာ တပည့်တော် လူဝတ်ကြောင်၊ လူဝတ်ကြောင်တရားဟောပါမှပေါ့ (မှန်လှပါဘုရား)၊ ဒီလောက်ထိအောင် ဘုရားအလောင်း အရိန္ဒမ အရုပ်ဆိုးနေတယ် ဆိုတာ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

အေး . . . ဘုရားအလောင်းလည်း ဆိုးချင်တဲ့အခါ သိပ်ဆိုးတာပဲဗျ၊ (မှန်လှပါဘုရား)၊ ဒါနဲ့ကိုယ်တော်ကြီးက အင်းတော်တော်ခက်သေးတာပဲ တရားဟော အတော်ကြပ်နေပြီ (မှန်ပါဘုရား)။

တစ်ပုဒ်ဆက်ဟောဦးမယ် သင်နာဦးပေါ့ဗျာ (မှန်လှပါဘုရား)။ ချော့ဟောရတာနော် ဦးလှဘူး၊ လွယ်ရဲ့လား (မလွယ်ပါ

ဘူးဘုရား)၊ မလွယ်ဘူးတဲ့ ဒီ ဒကာဒကာမတွေလည်း ချော့ဟော နေရတာပဲ (မှန်လှပါဘုရား)၊ တိုက်ရိုက်များ ဟောလိုက် ဘယ် သဘောကျလိမ့်မတုံး (မှန်ပါဘုရား)။

တိုက်ရိုက် ဟောလိုက်လို့ရှိရင် သဘောမကျဘူး (မှန်လှပါဘုရား)၊ ခေါ်ရသေးတယ်၊ ဆွဲရသေးတယ် (မှန်လှပါ ဘုရား)၊ သံသရာကြီးနဲ့ ခြောက်ရသေးတယ်၊ နိဗ္ဗာန်ကောင်း ကြောင်း ပြောပြရသေးတယ်၊ အဲ့ဒီပြောတဲ့အခါကျမှ နိဗ္ဗာန် ကောင်းတယ်ဆိုရင် ရချင်တယ်၊ (မှန်လှပါဘုရား)။

## အလောင်းတော်ကြီးဆိုးဝါးနေတာ

သံသရာကြီး ကြောက်စရာ ကောင်းတယ်ဆို၊ ကြောက် တယ် ဒါဖြင့် ဆွဲပွေ့စမ်းပါ (မှန်လှပါဘုရား)၊ အမလေး . . . မနည်းလုပ်ရပါလား (မှန်ပါ)၊ မနည်းလုပ်ရတယ် ခင်ဗျား တို့လည်း လွယ်တာမဟုတ်ပါဘူး (မလွယ်ပါဘုရား)၊ မလွယ်ဘူး မလွယ် ဘူး။

အဲဒီလောက် ဆိုးဝါးနေတာ ဘုရားအလောင်းကြီး ဆိုးဝါးနေတာ ခင်ဗျားတို့က ကဲ့ရဲ့ချင်သေးလား (မကဲ့ရဲ့ပါ ဘုရား)။ မကဲ့ရဲ့နဲ့ သူက အရင်ရောက်သွားပြီ (မှန်ပါဘုရား)၊ ခင်ဗျားတို့က ကဲ့ရဲ့မှားမှာပေါ့ (မှန်လှပါဘုရား)။ ဟုတ်ပလား (မှန်ပါဘုရား)။

## ဆင်သေစီးတဲ့ ကျီးမိုက်ဥပမာ

အဲဒါနဲ့ပဲ ဘယ်နဲ့ ဖြစ်လာသတုံးဆိုတော့ ဒုတိယ တရား ဆက်ဟောလိုက်တယ် ဦးလှဘူး ရေ (မှန်ပါဘုရား)၊ ဒုတိယ တရားဆက်ဟောလိုက်တယ် ဒကာကြီး၊ ဒကာကြီး ဆင်သေ စီးတဲ့ ကျီးမိုက်ဆိုတာ သင်ကြားဖူးပါလိမ့်မယ်။

ဂင်္ဂါမြစ်ထဲ ဆင်သေကြီးတစ်ကောင် မျောလာတယ်ကွာ တဲ့၊ ကျီးတစ်ကောင်က မြင်လိုက်တယ်ကွာတဲ့၊ ကျီးတစ်ကောင် က မြင်လိုက် တော့ သူ့စိတ်ထဲ အားကိုးလုံးတွေ့သွားတာပေါ့ (မှန်လှပါဘုရား)။

## မြစ်ထဲဆင်သေကြီး မျောလာတယ်

တယ်ကြီးတဲ့ အကောင်ကြီး၊ ဒီအကောင်ကြီးက အသားတွေ ငါစားမယ်၊ စားပြီးသကာလ ဒီအကောင်ကြီးက ကုန်နိုင်ဘူး (မှန်လှပါဘုရား) ရေဆာတဲ့အခါ ကျလို့ရှိရင် သူ့အထဲ က သွေးတွေသောက်နေမယ် (မှန်လှပါဘုရား)။ ငါ့တော့ တစ်သက်လုံး အားကိုးလောက်ပြီ ဘာမှ ကြောင့်ကျစရာ မရှိဘူး ဆိုပြီး မြစ်ထဲ မျောလာတဲ့ ဆင်သေကြီးတစ်ကောင် အပေါ် ကျီးတစ်ကောင်က အားကိုးအားထားနဲ့ လိုက်လိုက်တယ် (မှန်လှပါဘုရား)။

## သဘောမကျပေမယ့် မှိတ်နာနေရတယ်

ပစ္စေက ဗုဒ္ဓါက ဟောပြီ (မှန်လှပါဘုရား)၊ သူကလည်း နားထောင်နေတာပဲ (မှန်လှပါဘုရား)။ အင်း ဆင်သေတရား တော့ ဟောပြန်ပြီပေါ့လေ သူတယ်တော့ သဘောမကျပါဘူး မကျပေမဲ့လည်း ငယ်သူငယ်ချင်းဆိုတော့ မှိတ်နာနေရတာပဲ၊ ဒီမှာလည်း ဒကာဒကာမတို့ မကျ ကျကျ မှိတ်သာနာ (မှန်လှပါ ဘုရား)၊ မှိတ်နာမှပဲ နေရာကျမယ် (မှန်လှပါဘုရား)၊ ကိုယ့်အရေး ကို ။

အေး-ဒါနဲ့ပဲ ဆင်သေစီးတဲ့ ကျီးမိုက်သည်ကားလို့ ဆိုရင် ဒကာကြီးက နှစ်ရက် သုံးရက်ကြာတော့ ဆင်သေကြီးက ပုတ် လာတယ် (မှန်လှပါဘုရား)၊ ပုတ်လာတဲ့အခါကျတော့ မြစ်တွေ က အဆုံး ပင်လယ်ဝသို့ ရောက်တယ်ကွ (မှန်လှပါဘုရား)။

## ကျီးမိုက်က ဆင်သေကို အားကိုးတယ်

အဲဒီ့အချိန်မှာ ကျီးမိုက်သည်ကားဆိုရင် ငါဘယ်ဟာမှ အားကိုးစရာ မရှိဘူး ဒီအကောင်ကြီးက အကြီးကြီး၊ အသား စားချင်လို့ ရှိရင် အသားစားမယ်၊ ရေငတ်ရင် သွေးသောက်မယ် (မှန်ပါ)၊ ကုန်နိုင်ဘူး (မှန်လှပါဘုရား)။

အဲတော့ ပင်လယ်ဝ ရောက်လို့၊ အလှမ်းမှီတုံးကတော့ သူမပြန်ဘူးကွတဲ့၊ ဒီလိုနဲ့ပဲ စီးပြီး လိုက်သွားတယ်ကွတဲ့ နောက်

ပင်လယ်၏ အလယ်သို့ ရောက်တဲ့အခါ ပုတ်ယိလာတယ်၊ ရက်တွေကလည်း ကြာလာတော့ ငါးလိပ်မကန်းတွေက ထိုးကြ ဆွဲကြ၊ ဆိပ်ကြတော့ အပုတ်ကြီးထိုးရတာကိုဗျ (မှန်လှပါဘုရား)။

ခဏလေး ဗလဗ္ဗကျဲသွားတယ်ကွတဲ့၊ အဲ့ဒီအခါကျမှ ကျီးကန်းက အားကိုးမှားပြီဆိုပြီးပြန်တယ်ကွတဲ့၊ (မှန်လှပါဘုရား)။ ပြန်တော့ ပင်လယ်ဆိုတာ သောင်ကမ်းမမြင်တော့ ဟိုပြန်၊ ဒီပြန်နဲ့ပဲ ငါးလိပ်မကန်းတို့၏ အစာ ဆင်သေဖြစ်သလို ဖြစ်တယ် ကွ (မှန်လှပါဘုရား) ဒါ ပြောလိုက်တယ်။

## အသင်ပင်လယ်ဝရောက်နေပြီ

အသင်မင်းကြီးလည်း ထို့အတူပဲ ထီးနန်းအာရုံ၊ ကာမဂုဏ်ဆိုတဲ့ သားရေး သမီးရေး စီးပွားရေးက ဆင်သေကြီး၊ တော်ကြာ ဖရိုဖရဲ ကျဲမှာ (မှန်လှပါဘုရား)။

ဒါကြီး ခင်တွယ်နေမယ်ဆိုရင် ယခုသင် အနှစ် (၆၀) ရှိပြီ၊ ပင်လယ်ဝရောက်နေပြီ၊ ဖရိုဖရဲ မကျဲသေးဘူး (မှန်လှပါဘုရား)။ ဒီအချိန် သူတော်ကောင်းတရားတည်းဟူသော ကမ်းခြေသို့ ကပ်လိုက်၊ ဝေဒနာနုပဿနာတည်းဟူသော ကမ်းသို့ ကပ်လိုက်ပေါ့ဗျာ (မှန်လှပါဘုရား)။

## ပြန်ချိန်ရောက်ပြီကွတဲ့

ဝေဒနာတည်းဟူသော သစ်ပင်ပေါ်သို့ နားလိုက်ပေ့ါဗျာ (မှန်လှပါဘုရား)။ အခုတော့ သင်က စီးလိုက်နေတာကို ထီးနန်းအာရုံ ကာမဂုဏ် ဆင်သေကြီး စီးလိုက်နေတယ် ပြန်ချိန်ရောက်ပြီကွတဲ့ မင်း မပြန်သေးဘူးလား၊ ဒီလိုမေးတာပဲ (မှန်လှပါဘုရား)။

ဒီလိုမေးပြီးသကာလ တရားဓမ္မတွေ ဟောတာပဲ (မှန်လှပါဘုရား)။ ဟောပင်ဟောငြားသော်လည်း တရားလည်း ဆုံးသွားရော၊ ဆင်သေကြီးစီးတဲ့ ကျီးမိုက်ဟာ အလိုက်မှားတဲ့ အတွက် အဆုံးကြီးဆုံး၊ အရှုံးကြီးရှုံးပြီး ဆင်သေကြီးနဲ့ အတူတကွ ဆုံးရှုံးရတယ် (မှန်လှပါဘုရား)။

သင်ရှင်ဘုရင်လည်း ဒီအတိုင်းသာလျှင် ထီးနန်းအာရုံ၊ ကာမဂုဏ်တည်းဟူသော ဆင်သေကြီးကို သေသည်တိုင်အောင် လိုက်မယ်ဆိုလို့ရှိရင် အပါယ်လေးပါးတည်းဟူသော ငါးလိပ်မကန်း၏ အစာဖြစ်မယ် (မှန်လှပါဘုရား)၊ ဒါကြောင့် သင်ရပ်ချိန်ကရပ်၊ ပြန်ချိန်ကပြန် (မှန်လှပါဘုရား)။

ပင်လယ်ဝရောက်နေပြီ၊ ယခု တရားကောင်းရှာတော့၊ ဝေဒနာနုပဿနာအားကိုးတော့ ဟောတယ် (မှန်လှပါဘုရား)။ ဟောပြီးသကာလ ဒုတိယ တစ်ခွန်းဟောလိုက်တယ်၊ ဟောပြီး မေးရသေးတယ်။

## နားထဲတစ်လုံးမှမဝင်ဘူး

ပစ္စေကဗုဒ္ဓါက ဒကာကြီး ဘယ်နဲ့နေတုန်း၊ ဟာ - တပည့်တော် အရှင်ဘုရားဟောတော်မူတဲ့တရား နားထဲတစ်လုံး မှ မဝင်ဘူး (မှန်လှပါဘုရား)၊ ဟောချင်စရာလည်း မကောင်း ပါဘူးဗျာ၊ ဟောချင်စရာ ကောင်းသေးလား (မကောင်းပါဘူး ဘုရား)။

ဒီမှာတော့ ဒကာဒကာမတွေက တော်ပါသေးရဲ့ နားမလည်ပေမယ့် မြဲသွားလို့ (မှန်လှပါဘုရား)။ ဟိုကတော့ တိုက်ရိုက်ပြောတာကိုဗျ၊ အေး တိုက်ရိုက်ပြောတာကို (မှန်ပါ)။

အဲဒါနဲ့ပဲ ဒကာဒကာမတို့ ဒီတရား ဟောတဲ့အခါကျလို့ ရှိရင်တော့ မရဘူး၊ မရဘူး၊ ဥပမာ၊ ဥပမေးယနဲ့ ဟောတာတောင် မှ ဘုရားအလောင်းကလည်း မရဘဲ ဖြစ်နေတယ် (မှန်လှပါ ဘုရား)။ ဒါနဲ့ကိုယ်တော်ကလည်း မလျှော့တမ်းကိုယ်တော်မို့ တော်သေးတယ် (မှန်လှပါဘုရား)။

## မင်းသာမိုက်ရစ်ပါတော့

ကဲ ဒကာကြီးတဲ့ ငါတော့ အမိုက်မဖြစ်ပါရစေနဲ့၊ မင်းသာ မိုက်ရစ်ပါတော့ (မှန်လှပါဘုရား)၊ ငါတော့ အမိုက် မဖြစ်ပါရစေ နဲ့ မင်းသာ မိုက်ရစ်ပါတော့ဆိုပြီး သူက - ဂါထာလေး ရွတ်လိုက် တယ်။

ကောဝါစမ္ပိ ဒွိဝါစံ၊ ဘဏေယျ အနုကမ္ပကော။
တတုတ္တရိံန ဘာသေယျ၊ ဒါသောဝ, ယျဿ သန္တကေ။

## သုံးခွန်းဟောရင် မိုက်ရာရောက်လိမ့်မယ်

ဒကာကြီး တစ်ခွန်းတည်းသောစကား ဟောရတယ်ကွတဲ့၊ နှစ်ခွန်းထိအောင်လည်း ဟောရတယ်ကွတဲ့၊ သုံးခွန်းဟောရင် ငါမိုက်ရာရောက်လိမ့်မယ်၊ ဒါကြောင့် ငါသုံးခွန်းတော့ မဟောနိုင်ဘူး (မှန်လှပါဘုရား)။

သူတစ်ပါး သနားတဲ့ ပုဂ္ဂိုလ်က နှစ်ခွန်းပဲ ပြောရတယ် သုံးခွန်းပြောရင် ပြောတဲ့ပုဂ္ဂိုလ်က မိုက်တယ် (မှန်ပါဘုရား)။

## နှစ်ချက်ဆုံးမတယ်

ဆုံးမတဲ့အခါဒီအတိုင်းပဲ ဟုတ်ပလား၊ ဒီမှာလည်း ငါဆုံးမထားတာ ပထမရဟန်း၌ ကောင်းခြင်း တစ်ချက်ဆုံးမတယ်၊ (မှန်လှပါဘုရား)၊ ဆင်သေစီးတဲ့ ကျီးမိုက်ကဲ့သို့ မဖြစ်စေလို့လို့ ငါဟောခဲ့တယ်. . . (မှန်လှပါဘုရား)။

သို့သော် နောက်တစ်ခါဟောလို့ရှိရင်ဖြင့် ငါ ပစ္စေက ဗုဒ္ဓါသည်ပင်လျှင် မင်းထက်မိုက်ရာရောက်သွားလိမ့်မယ် (မှန်လှပါဘုရား)။ ဒါကြောင့် မင်းမဟောဘူး၊ (မှန်လှပါဘုရား)။

## ကောင်းကင်ပျံတယ်

ကိုယ်တော်ကလည်း တင်းလာတယ်၊ တင်းလာပေမယ့် သူကတော့ မသိပါဘူး (မှန်လှပါ)။ ဒါနဲ့ ကိုယ်တော်က တစ်ခါ တည်းခြေမ ကြားမှာ မြေမှုန့်တွေညှပ်ပြီးသကာလ တစ်ခါတည်း ကောင်းကင်ကနေ နန္ဒမူလှိုင်ပြန်တော့မှာ၊ ပျံပေမဲ့ ရိုးရိုးမပျံဘူး ကိုယ်တော်က သူ့အပေါ် တည့်တည့်ကမှ ပျံမှာ (မှန်လှပါ ဘုရား)။

## ခေါင်းပေါ်ကို မြေမှုန့်တွေချခဲ့တယ်

အဲဒီတည့်တည့်က အပေါ်တက်ပြီးတော့မှ၊ တန်ခိုးနဲ့ တက်လိုက်တာ၊ တက်ပြီးမြေမှုန့်တွေနဲ့ တစ်ခါတည်း သူနဲ့တည့်တဲ့ အခါကျမှ-ခေါင်းပေါ် ချလိုက်တယ် (မှန်လှပါဘုရား)။ ခေါင်းပေါ် ချတော့မှ နည်းနည်းသတိရလာတယ်၊ ထိပ်ချတော့မှ ဓါးပြမှန်း သိရောပေါ့ဗျာ . . . (မှန်လှပါဘုရား)၊ ဟုတ်ပလား၊ (မှန်လှပါ ဘုရား)။

ထိပ်ချလို့ ဓါးပြမှန်းသိရောပေါ့ဗျာ၊ ထိပ်ချလို့ ဓါးပြမှန်း သိလာတော့ အဲဒီကဲ့သို့ သိလာတဲ့အခါကျတော့မှ ငါကျတော့ လေးလိုက်တဲ့ဖြစ်ခြင်း၊ မြေကြီးက တစ်ထွာမှ မခုန်နိုင်ဘူး၊ ဒီသောဏက က ပရောဟိတ်ပုဏ္ဏား၏သား ငါ့ထက်လည်း အမျိုးတွေအောက်ကျသေးတယ်၊ သူကငါ့အပေါ် ခြေမှုန့်တွေ

ချတယ် ဆိုပြီးသကာလ ခြေမှုန့်ချတာသည် သူသည် အပေါ့ခါတ် ရှိလို့ပဲ ငါ့အလေးခါတ်ရှိတယ် ငါ့တော့ အမြုပ်သမားနဲ့ တူပါရဲ့ (မှန်လှ ပါဘုရား)။

## သံဝေဂရတယ်

နည်းနည်းသံဝေဂပါလာတယ်၊ အဲဒီမြေမှုန့်ချတော့မှ သံဝေဂရတယ်၊ ဦးလှဘူးရေ မြေမှုန့်ဆိုတော့ နည်းဘူးလားဗျာ၊ ဒုတ်နဲ့ချတောင် ကျုပ်တို့ ဒကာ ဒကာမတွေက ရမှာမဟုတ်ဘူး (မှန်လှပါဘုရား)။

အေး ဒကာ ဒကာမတွေ၊ ခင်ဗျားတို့ကို သတိပေးတာက ယခုအချိန်မှာ ဝေဒနာနုပဿနာတည်းဟူသော ကမ်းကို တက်ရင်တက်၊ မတက်လို့သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ မျောနေကြမယ်ဆိုရင်ဖြင့် သေမင်းပင်လယ်ထဲ ရောက်မယ် (မှန်လှပါဘုရား)။ မရောက်ပေဘူးလား (ရောက်မှာပါဘုရား)။

ရောက်လို့ရှိရင် အပါယ်လေးပါးတည်းဟူသော ငါးလိပ် မကန်းတို့၏ အစာမဖြစ်ပေဘူးလား (ဖြစ်မှာပါဘုရား)၊ အဲဒီကဲ့သို့ ဖြစ်မှာစိုးရိမ်တဲ့အတွက် ဆင်သေကြီးစီးလာတာ ကြာကြပြီ၊ ပုပ်လည်း ပုပ်ပြီ၊ ယိလည်းယိပြီ၊ ခင်ဗျားတို့အားကိုးလည်း ခံတော့ မှာ မဟုတ်ဘူး (မှန်လှပါဘုရား)။

## ကိုယ့်ခန္ဓာကိုယ်၊ အားကိုးလို့ရသေးရဲ့လား

ခင်ဗျားတို့ ကိုယ်တိုင် ခင်ဗျားတို့ ကိုယ်ကိုအားကိုးလို့ ရသေးရဲ့လား (မရပါဘူးဘုရား)၊ သွားချင်သလို သွားနိုင်သေးရဲ့ (မသွားနိုင်ပါဘူးဘုရား)၊ စားချင်းသလိုစားနိုင်သေးရဲ့လား (မစား နိုင်ပါဘူးဘုရား)၊ အဲတော့ ခန္ဓာကိုယ်ကြီးကိုက မရဘူး၊ ခေါင်း ကိုက်နေတယ် လေနာနေတယ် မသွားချင်ဘူး (မှန်လှပါဘုရား)။

## ကမ်းကိုမြင်တုန်းမြန်မြန်တက်ပါ

အဲဒီလောက်တောင် မကောင်းတဲ့ ခန္ဓာကိုယ်ကြီးကို ခင်နေလို့ ကျီးကဲ့သို့ ခင်နေလို့ တော်ပါဦးမလား (မတော်ပါဘူး ဘုရား)။ ဒါဖြင့် ဝေဒနာနုပဿနာတည်းဟူသော ကမ်းနားမြင် တုန်း မြန်မြန်တက်လိုက် (မှန်လှပါဘုရား)။

မတက်လို့ရှိရင် ခင်ဗျားတို့ ခင်ဗျားတို့ ပင်လယ်ထဲ ရောက်တော့ ငါးလိပ်မကန်း အစာဖြစ်သလို ခင်ဗျားတို့ သေသည် တိုင်အောင်လိုက်သွားလို့ရှိရင် အပါယ်လေးပါးတည်းဟူသော ငါးလိပ်မကန်း၏ အစာမဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒါစိုးရိမ်လို့ ဟောနေတယ် (မှန်လှပါဘုရား)။

အဲဒီတော့မှ ကျုပ်တို့ ဘုရားအလောင်း အရိန္ဒမသည် ခေါင်းပေါ် ချတော့မှ အင်းငါသည် ကားလို့ဆိုရင်ဖြင့် ဒီအတိုင်း နေလို့မတော်တော့ပါလား သေခါနီးချည်းဖြစ်ပါပေါ့လားဆိုတော့

အဲဒီတင် သတိရလာတယ် (မှန်လှပါဘုရား)၊ မြေမှုန့်လေးချတော့မှ (မှန်ပါ)။

## တောထွက်တယ်

ဒီတင်မှ သူ့သား ဒီဃာဝုဆိုတဲ့ ပုဂ္ဂိုလ်ကို ထီးနန်းလွှဲပြီး သကာလ တောထွက်တယ် (မှန်လှပါဘုရား)၊ တောထွက်ပြီး သမထအားထုတ်လိုက်လို့ သမထခရီးရောက်ပြီး သကာလ ဖြဟ္မာပြည်ရောက်တယ်ဗျာ၊ (မှန်လှပါဘုရား)၊ ဝိပဿနာမပါသေးဘူး၊ (မှန်လှပါဘုရား)။

## ဗြဟ္မာပြည်ရောက်တယ်

ဝိပဿနာပါတဲ့ ပုဂ္ဂိုလ်က ဇစ္စေကဗုဒ္ဓါဖြစ်သွားပြီ၊ (မှန်လှပါဘုရား)၊ သူက သမထနဲ့ တင်းတိမ်ရမည့်ပုဂ္ဂိုလ် ဗြဟ္မာပြည်ပဲ ရောက်တယ်၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ယနေ့သည်ကားလို့ ဆိုရင်ဖြင့် ဒကာ ဒကာမတွေ တိုက်တွန်းတာလည်း မပါဘူးလား (ပါပါတယ်ဘုရား)၊ ဆင်သေစီး ကျီးမိုက်ကဲ့သို့ အစအဆုံး မလိုက်ပါနဲ့လို့ကော မပြောဘူးလား (ပြောပါတယ်ဘုရား)၊ လိုက်ချိန်ကောရှိသေးရဲ့လား (မရှိပါဘူးဘုရား)။

## နက်မြန်၊ သန်ဘက်သေနိုင်တယ်

အခု ခင်ဗျားတို့ ဦးလှဘူးတို့အရွယ်တွေ အားလုံး ပယ်လယ်ဝရောက်နေပြီ (မှန်လှပါဘုရား)၊ အဲတော့ သေခြင်းတရားနဲ့ ကြည့်လိုက်လို့ရှိရင် ပင်လယ်ဝရောက်တဲ့ ပုဂ္ဂိုလ်ချည်းပဲ (မှန်လှပါဘုရား)၊ နက်ဖြန်သေနိုင်တဲ့ ပုဂ္ဂိုလ်တွေကို၊ သန်ဘက်သေနိုင်တဲ့ ပုဂ္ဂိုလ်တွေကိုလို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

အေး ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မြန်မြန်ဝေဒနာကိုရှုပါ (မှန်လှပါဘုရား)၊ ဝေဒနာသတ်တာနဲ့ သေမှာစိုးရတယ်၊ (မှန်လှပါဘုရား)။ အဲ ခင်ဗျားတို့သည်ကားဆိုရင်ဖြင့် ဝေဒနာသုံးမျိုးကို ယနေ့ဟောလိုက်တဲ့တရား အဆီ၊ အနှစ်ထုတ်လိုက်သည်ရှိသော် သူသတ်ယောက်ျား သုံးယောက်လို့ မှတ်ပြီး ရှု (မှန်လှပါဘုရား)။

## ဝေဒနာသုံးပါးဝိပဿနာရှုပါ

ဒီသူသတ်ယောက်ျားနဲ့ မကင်းသ၍ ကာလပတ်လုံး ကျုပ်တို့ အသေမလွတ်သေးဘူး (မှန်လှပါဘုရား)၊ ဒါကြောင့် အသေလွတ်အောင် ဝေဒနာသုံးပါးကို ဘာလုပ်ရမတုံး (ဝိပဿနာရှုရမှာပါဘုရား)၊ ဝိပဿနာရှုရမယ်၊ ဝိပဿနာရှုလို့ သူတို့သေသွားလို့ရှိရင်ဖြင့် ကျုပ်တို့ တဏှာမသေဘူးလား (သေပါတယ်ဘုရား)။

## ဒုက္ခသစ္စာ

ဝေဒနာကို ဒုက္ခသစ္စာကဲ့သို့ ချေမှုန်းပစ်လိုက်ပြီ၊ (မှန်လှပါ)။ ဝေဒနာဒုက္ခရောက်သွားပြီလို့ ချေမှုန်းပစ်လိုက်ပြီဆိုမှဖြင့် တဏှာသည် ကားဆိုရင်ဖြင့် ချေမှုန်းတာက ဉာဏ်နဲ့ ချေမှုန်းတာ၊ ဝေဒနာကြေမွညက်သွားသောကြောင့်၊ ပျက်ဆီးသွားသောကြောင့် ဒုက္ခသစ္စာ (မှန်လှပါဘုရား)။

## မဂ္ဂသစ္စာ

ချေမှုန်းနိုင်တဲ့ ဉာဏ်က (မဂ္ဂသစ္စာပါဘုရား)၊ အဲတော့ ဝေဒနာလိုချင်စရာ၊ ရချင်စရာရှိသေးလား (မရှိတော့ပါဘူးဘုရား)။ ဟောလိုချင်စရာ ရချင်စရာ မရှိတာက တဏှာချုပ်တာ၊ တဏှာ ချုပ်သောကြောင့် ဇာတိ ဇရာ မရဏတွေ မချုပ်ပေဘူးလား (ချုပ်ပါတယ်ဘုရား)။

နောက်သေစရာ အထည်ပေါ်သေးရဲ့လား (မပေါ်ပါဘူးဘုရား)၊ အဲဒါ သူသတ်ယောက်ျားက ကြေမွပြီး ပျက်စီးသွားလို့ ဆိုတာ သဘောကျပလား (ကျပါပြီဘုရား)။

**ကဲ ယနေ့ ဒီတွင်တော်ကြပါဦးစို့။**

**သာဓု. . .၊ သာဓု. . .၊ သာဓု. . .။**